
mgyoe.com

SAMPLE BOOK

ပန်းရွှေပြည်စာအုပ်တိုက်

အမတ်ကြီးဥသဃရော

# ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး အရေးတော်ပုံကျမ်း



ကိုရွှေသိမ်းမင်း စိစစ်ခင်းကျင်းသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တန်ဖိုး
၅၅၀၀ ကျပ်
●
အုပ်ရေ
၅၀၀ အုပ်
●
ပထမအကြိမ်
၂၀၁၇ ခုနှစ် ဩဂုတ်လ
●
မျက်နှာဖုံး
ကျော်သောင်း
●
ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
●
ပုံနှိပ်သူ
ဒေါ်စုစုလှိုင် (၀၁၂၃၄)
စုပုံနှိပ်တိုက်
အမှတ် ၂၈၊ တာဝတိံသာလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
●
စာအုပ်ချုပ်
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

'ရာဇတမန်'ဘွဲ့ခံ

အမတ်ကြီးဥဿရော

စီရင်ရုံးစုသည့်

# ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး အရေးတော်ပုံကျမ်း

---

ကိုရွှေသိမ်းမင်း စိစစ်ခင်းကျင်းသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ကျေးဇူးစကား

ဤကျမ်းကို ပြန်လည်ထုတ်ဝေရာ၌ ကွယ်လွန်ရှာပြီဖြစ်သော ဆရာမောင်စေတနာ (ဦးအောင်သန်း) ပေးသည့် ပေကူးမူကို လက်ရင်းထားပြီး၊ ရှေးရှေးက ထွက်ပြီးသောပုံနှိပ်မူဖြစ်ပြီးသောမူများနှင့် နှိုင်းယှဉ်ချင့်ချိန်ကာ ပြန်လည်ထုတ်ဝေပါသည်။

'ဟံသာဝတီဆင်ဖြူများရှင်အရေးတော်ပုံ'-ဟုလည်း အချို့မူများ၌သုံးပါသည်။

အရေးပုံပေါင်း ၃၀ ကို ပေကူးမူပါအတိုင်း အပိုင်းခွဲကာ ခေါင်းစီးများ ပေးထားပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


| | | |
|---|---|---|
| * | ဟံသာဝတီ ဆင်ဖြူများရှင် အရေးတော်ပုံ | ၉ |
| ၁- | မွန်တို့အတွင်းမှ လွတ်တော်မူခြင်း အရေးပုံ | ၁၁ |
| ၂- | တောင်ငူကို အောင်တော်မူခြင်း အရေးပုံ | ၁၄ |
| ၃- | သရေခေတ္တရာကို အလိုပြည့်တော်မူခြင်း အရေးပုံ | ၁၈ |
| ၄- | မြစ်စဥ်တစ်လျှောက်ကို သိမ်းသွင်းခြင်း အရေးပုံ | ၂၂ |
| ၅- | အင်းဝရေကြောင်းတိုက်ပွဲ အရေးပုံ | ၂၅ |
| ၆- | သမိန္ဒော့ရာမကို စီးချင်းတိုက်၍ ပထမပွဲအောင်မြင်သည့် အရေးပုံ | ၂၈ |
| ၇- | သမိန္ဒော့ရာမသည် ပုသိမ်, မြောင်းမြသို့ ပြေးသည်ကို လိုက်ခြင်း အရေးပုံ | ၃၄ |
| ၈- | သမိန္ဒော့ရာမကို လိုက်၍အောင်ခြင်း အရေးပုံ | ၃၆ |
| ၉- | အင်းဝကို အောင်မြင်တော်မူသော အရေးပုံ | ၃၉ |
| ၁၀- | ဗန်းမော်, ရှမ်းပြည် ကျေးလက်ကို အောင်တော်မူခြင်း အရေးပုံ | ၄၆ |
| ၁၁- | သီပေါ, မိုးမိတ်, ရှမ်းပြည်ကြီးများကို အောင်တော်မူခြင်း အရေးပုံ | ၄၈ |
| ၁၂- | မိုးကောင်း, မိုးညှင်းကို အောင်တော်မူခြင်း အရေးပုံ | ၅၄ |
| ၁၃- | မိုးနည်း, ညောင်ရွှေ, ရောက်စောက်, လဲချား, မိုင်းကိုင်, ကျိုင်းတောင်, မိုင်းလင်း ထီးဆောင်းမင်းတို့ကို အောင်ခြင်း အရေးပုံ | ၅၈ |
| ၁၄- | ဇင်းမယ်ပြည်ကြီးကို အောင်တော်မူခြင်း အရေးပုံ | ၆၅ |
| ၁၅- | ကသည်းကို အောင်တော်မူခြင်း အရေးပုံ | ၇၂ |
| ၁၆- | စန္ဒား, မိုးဝန်း, မိုင်းနားပြည်များနှင့် အင်တရော်, လဝ, ကချင်တို့ကို အောင်မြင်တော်မူသော အရေးပုံ | ၇၆ |


mgyoe.com

mgyoe.com SAMPLE BOOK

၇- 'အယုဇ္ဈပူရ'မည်သော ယိုးဒယားအရေးပုံ ၈၆
၈- ဇင်းမယ်, ဇင်းရုံ, မျက်နှာမည်း- ၃ ပြည်ထောင်ကို အောင်မြင်သော အရေးပုံ ၉၆
၉- ဇင်းရုံနှင့် မျက်နှာမည်းမှ သမီးများ မဆက်လှာသဖြင့် တိုက်သော အရေးပုံ ၁၀၇
၀- ဇင်းမယ်, မျက်နှာမည်း, ဇင်းရုံ-၃ ပြည်ထောင်ကို အောင်ခြင်း အရေးပုံ ၁၁၀
၁- ယိုးဒယားမင်း ပုန်စားပြုရာ စစ်ကူလာသော လင်းဇင်းမင်းကို အောင်မြင်တော်မူခြင်း အရေးပုံ ၁၁၂
၂- ယိုးဒယားမင်း ဖြမပဟိန်ကို အောင်တော်မူခြင်း အရေးပုံ ၁၂၆
၃- သေဉ်ဝီပြည်ကြီးနှင့် ခန္တီးပြည်ကြီးကို တစ်ပွဲတည်းအောင်ခြင်း အရေးပုံ ၁၃၀
၄- လင်းဇင်းသို့ချီတက်တိုက်ခိုက်အောင်မြင်သော အရေးပုံ ၁၃၆
၅- ခုံပြည်ကို တိုက်ခိုက်အောင်မြင်တော်မူသော အရေးပုံ ၁၄၃
၆- သိန်းဃိုကျွန်း ဓမ္မပါလမင်းသမီးတော်ကို ဆက်လှာ၍ နိုင်ငံတော်ဖြစ်သော အရေးပုံ ၁၄၉
၇- ဟံသာဝတီရွှေမြို့တော်တည်သော အရေးပုံ ၁၆၀
၈- ဇင်းမယ်ကို အနော်ရထာမင်းစောအား ပေးတော်မူခြင်း အရေးပုံ ၁၆၉
၉- အမြဝတီမြို့ကြီးကို တည်တော်မူခြင်း အရေးပုံ ၁၇၂
၁၀- ကလေးမြို့ကို တည်တော်မူခြင်း အရေးပုံ ၁၇၈
၁၁- မြို့ထောင့်စေတီ ၄ ဆူ တည်တော်မူခြင်း ၁၈၁
* ကျမ်းပြုသူစကား ၁၈၅
* အက္ခရာစဉ်အညွှန်း ၁၈၇

mgyoe.com

mgyoe.com SAMPLE BOOK

'ရာဇတမန်'ဘွဲ့ခံ
အမတ်ကြီးဦးသာရော

# ဟံသာဝတီ ဆင်ဖြူများရှင်
# ဘုရင့်နောင်မင်းတရားကြီး
## အရေးတော်ပုံကျမ်း

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK


# ဟံသာဝတီ ဆင်ဖြူများရှင် အရေးတော်ပုံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ကျမ်းဦးစကား

ဘုရားကို ရှိခိုးဦး၍ ကြာတိုက်၌ ဖြစ်သောအားဖြင့် အလွန်ကောင်းမွန်လှစွာသော မုက္ခပါဠ်တော်ဖြစ်သော ဓမ္မက္ခန္ဓာ ၈ သောင်း ၄ ထောင်နှင့် တကွသော 'မဂ် ၄ တန်, ဖိုလ် ၄ တန်, နိဗ္ဗာန်တည်း'ဟူသော တရားအပေါင်းကို လည်းကောင်း၊ ထိုသို့သော ကျေးဇူးအပေါင်းနှင့် ပြည့်စုံတော်မူသော ဘုရားသခင်၏တပည့် သားတော် အရိယာသံဃာတို့၏ အပေါင်းကို လည်းကောင်း. အလွန်ရှိသေစွာ ရှိခိုးဦး၍၊ ရေ,မြေကို အစိုးရတော်မူသော 'နရာဿဘ ဂဇာပတိ တြိဘဝနာ ဒိတျာပဝရ ဓမ္မရာဇာဓိပတိ'[၁] ဖြစ်တော်မူသော ရွှေနန်းသခင် ဆင်ဖြူရှင် ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်းသခင် ဘဝရှင်မင်းတရားကြီးသည် ဇမ္ဗူဒီပါ မြေအပြင်ဝယ် ၁၀၁ ပါးသော လူမျိုးတို့၏ပျော်ရာဖြစ်သော ဟံသာဝတီ ရာဇဌာနီပြည်မြတ်၌ နေတော်မူ၍၊ အကျွန်းကျွန်းသော ပြည်ကြီးများကို နှိမ်နင်းစိုးအုပ်လိုသောငှာ သုတ်သင်တီထွင်လုပ်ကြံ၍ အောင်တော်မူသောခါ မှူးကြီးမတ်ကြီးများနှင့် တိုင်ပင်တော်မူ၍၊ အရေးတော်ကို လျှောက်သည်ကို လိုက်နာ၍ အောင်မြင်ဖူးလေသော ပုံစံနည်းနာများကို ဆိုပေလတ္တံ့။

---

၁။ သီရိတြိဘဝနာ ဒိတျာပဝရ ပဏ္ဍိတသုဓမ္မရာဇာ မဟာဓိပတိ' – ပုံနှိပ်ပြီးမူ။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK


## ၁- မွန်တို့အတွင်းမှ လွတ်တော်မူခြင်း အရေးပုံ

ထိုသို့သော ကျေးဇူးများနှင့် ပြည့်စုံတော်မူသော မင်းတရားကြီးသည် ဓမ္မ၀တ်, ရာဇ၀တ်, လောက၀တ်တို့၌ အလွန်ကျင်လည်တတ်တော်မူ၏။ ဗေဒင်ကျမ်း, အထူးထူးသောကျမ်းဂန်ကိုလည်း အလွန်တတ်တော်မူ၏။ ရှေးမင်းတကာတို့ ကျင့်ရိုးသုံးစွဲရိုးကိုလည်း အလွန် သိကျွမ်းတတ်တော်မူ၏။ ထိုသို့ သိကျွမ်းကျော်စော ထင်ရှား၍ တတ်တော်မူပြားသော်လည်း အယုတ်, အလတ်,အမြတ်ဖြစ်သော ၃ ပါးသောသူတို့နှင့် တိုင်ပင်တော်မူသော အလေ့ ရှိ၏။

ထိုသို့သောကျေးဇူးနှင့် ပြည့်စုံတော်မူသော မင်းတရားကြီးသည် သာသနာတော်နှစ် ၂၀၈၇ ခု[၁] ရောက်သောအခါ အစစွာသော ပွဲဦးတော်ကား

သက္ကရာဇ် ၉၁၁ ခု[၂]တွင် ဘ၀ရှင်မင်းတရားကြီးသည် ရာမညတိုင်း ဖြစ်သော ဒလမြို့တွင် သူပုန်သူကန်ထ၍ သောင်းကျန်းလေသောကြောင့် ကိုယ်တော်တိုင် ချီလေ၏။ နောင်တွင် 'ဘုရင်မင်းခေါင်'ခံသော ညီတော် အလတ်သည် ရှိသရွေ့သော ဆင်, မြင်းနှင့် မြန်မာ, မွန်ဒေါဗညားများကို လိုက်လိုသရွေ့ ခေါ်လေ၍ တောင်ငူမြို့သို့ အပြေးသွားလေ၏။ ရောက်လေလျှင် မြို့ပြ, ကျုံးမြောင်းကို ဖြဖြပြင်၍ ပုန်ကန်သောင်းကျန်းလေ၏။

ထိုအခါ၌ မိဖုရားခေါင်က 'ဗြတ္တပ'ခံသော မောပုသိန်ကို စာခွေနှင့် အပြေးစေတော်မူ၍ ရောက်လေမှ၊ 'တောင်ငူမင်း ခြားနားကြောင်း'ကို သိတော်မူ၏။

ထိုအခါတွင် ပါစားလေသရွေ့သော အမှုုးအမတ်များနှင့် တိုင်ပင်တော် မူသော်၊ ''ဝါးအစည်းပြေသကဲ့သို့ မညီမညွတ်ပြန် ချေတော့မည်။''-ဟူ၍ လျှောက်ကြကုန်၏။

ထိုအခါ၊ ရန်အောင်ဘီလူး လျှောက်သည်ကား

''ယခု မွန်တို့၏အရပ်အရာလည်း ဖြစ်ချေသည်။ 'မွန်'ဟူသမျှ လည်း ပျားအုံကို လက် မတို့ကောင်းသကဲ့သို့ ဖြစ်ချေသည်။ များလည်း

၁။ မြန်မာသက္ကရာဇ် ၉၀၅-ခရစ်နှစ် ၁၅၄၇။
၂။ '၉၁၁ ခု' သည် အထက်စာကြောင်းပါ သာသနာတော်နှစ်နှင့် မကိုက်ညီ။

mgyoe.com

mgyoe.com SAMPLE BOOK


များလှချေသည်။ ကျွန်ုပ်မြန်မာမှုကား နည်းချေသည်။ မြန်မာတို့အရပ်လည်း မဟုတ်ချေ သောကြောင့်၊ မွန်များကို အရေးကို အလျင်မသိစေလို။ 'မွန်'ဟူသမျှကို အစုစု ခွဲတော်မူသော် အသူရိန်လက်မှလွတ်သော နေ့,လကဲ့သို့ ဖြည်းဖြည်း ကျွန်ုပ်သို့ ထွက်နိုင်ချိမ့်မည်။ သည်အရေးသည် အနှေး မလို။ အလျင်လိုသည်။''-ဟူ၍ နားတော်လျှောက်သော်၊

''သည်အရေးသည် ငါ ကြံတော်မူသောအရေးနှင့် ညီလှ၏။''-စီရင်ခန့်ထားတော်မူစဉ်တွင်၊

* * *

''လင်းကွင်း, လင်းကွင်း ရှင်းလင်းကွင်း။

လင်းကွင်းတီးရပ် အရှုတ်ရှုတ်ကို၊

မှိုနုတ်၏သို့ သာစလို၊

တို့ဖို့လွယ်ကာ ယူပေကာ။''-ဟူ၍ ကိုယ်ရံတော်မင်းကျွန် သူယစ် သီ၍ကသည်ကို ကြားမြင်တော်မူသော်၊

'နိမိတ်သည် ငါ့နိမိတ် မှန်လှ၏။''-ဟူ၍ စီရင်တော်မူသည်ကား၊ ပုသိမ်, မြောင်းမြ, သရိုင်, သရာ, ခွေးလင်, ပင်ဒေါ, မည်ထွန်, အပြ စသော အနောက်တစ်လွှား မြို့ကြီးများကို ကျေးစားထည့်၍၊ ''နေ့,ညဥ့်မသိ အလျင်သွားလေ။''-ဟူ၍ ဗညားများ အပြင်းသွားရကုန်၏။

'မွန်'ဟူသမျှ သွား၍ စင်လေပြီးမှ၊ ဒဂုံကို ကူးတော်မူ၍ မကော်သို့ ရောက်တော်မူလျှင် အပြင်း နေ့,ညဥ့်မသိ ချီတော်မူ၏။

ဟံသာဝတီသို့ မဝင်ဘဲ တာကလွန်တောင်သို့ သန်း၍၊ မိုးဥဒ္ဒုံမတူ[၁]ကို ကူးတော်မူ၍ သွားတော်မူလေ၏။

ဗညားဒလ တာကလွန်တောင်တွင် ဆီး၍ တိုက်နှင့်သော်လည်း ရန်တုံ့မပြုဘဲ ချီတော်မူလေ၏။

သက္ကမ္မတောင်တွင်လည်း သမိန်ထော အပင်းအသင်းစစ်သည်တို့ တိုက်နှင့်သော်လည်း ရန်တုံ့မပြုဘဲ ချီတော်မူလေ၏။

---

၁။ 'မိုးဦးမတူ' - ပုံနှိပ်ပြီးမူများ။

၂။ 'ရွာသစ်ကြီးအရှေ့ တလဟာတွင်' - ပုံနှိပ်ပြီးမူများ

mgyoe.com

mgyoe.com SAMPLE BOOK


ဟင်ခန္ဓေန်ောင်သို့ ရောက်မှ မိဖုရားကို တွေ့တော်မူ၍ တောင်ငူမင်း ကြံသောအကြောင်းကို သိတော်မူပြီးသော်၊ ထိုအရပ်၌ ရုံးစု၍၊ မြန်မာ, မွန်, ရှမ်း ကြွင်းကျန်သောအမျိုးအမတ်များနှင့် ချီတော်မူ၍၊ ရွာသစ်ကြီး အရှေ့ကလဟာတွင်[၁] ချ၍ နေတော်မူ၏။

တပ်ခင်းကို ကြည့်တော်မူသော် အရှေ့ကလည်း ပေါင်းလောင်နားနှင့်နီးသည်။ တောင်လည်း တောင်ငူမြို့နှင့်လည်း ၁၀ တိုင်လောက်သာ ရှိသည်။ –ဟူ၍၊ မြို့သစ်ရွာတွင် တပ်ချ၍ နေ၏။

* * *

ထိုအခါဝယ် 'ရန်အောင်ဘီလူး လျှောက်သောအရေးနှင့် ဘဝရှင်မင်းတရားကြီး ကြံတော်မူသောအရေးသည် ညီသည်။'ဟူ၍ လိုက်နာတော်မူခြင်းသည်ကား

–စတုလောကပါလနတ်သားစကားကို နာ၍ သိကြားမင်းသည် အသူရာစစ်ကို နိုင်ဖူးလေသောပုံစံကို လည်းကောင်း။

– ဗာဟီရကျမ်းဝယ် မျောက်သားငယ်စကားကို နာ၍ မိဖုရားနှင့်တကွ ပြည်ကြီးစည်းစိမ်ကို ရဖူးလေသောပုံစံကို လည်းကောင်း။

– ယမန် တစ်စီးရှင်လက်ထက် ရှမ်းစစ်သည်တို့ ချီလှာသည်ကို ကြို၍ တိုက်မည်ပြုသည်ကို၊ ရာဇသင်္ကြံ လျှောက်၍၊ ရှမ်းစစ်သည်အပြန်ကို တိုက်၍ တစ်ယောက်မကျန် ရဖူးလေသောပုံစံကို လည်းကောင်း။

နှလုံးသွင်းတော်မူ၍၊

"ရန်အောင်ဘီလူးအရေးကို လိုက်နာတော်မူသဖြင့် စစ်သည်ဗိုလ်ပါ မပန်းမပင် ငြိမ်းချမ်းသာယာစွာ ရွာသစ်ကြီး သစ်တပ်တော်ရာသို့ ရောက်တော်မူသောအရေးသည် အလွန်ဖြစ်ခဲလှ၏။"–ဟူ၍ ကြီးစွာသော ဥဒါန်းမော်ကွန်းစကားကို မိန့်တော်မူ၏။ ကြီးစွာသော ဆုလာဘ်ကိုလည်း ပေးတော် မူ၏။

ဤလည်း သေနာပတိနှင့်တူသော ရန်အောင်ဘီလူးအရေးနှင့် ဘဝရှင်မင်းတရားကြီးအရေးသည် ညီလှသောကြောင့် မွန်စစ်သည်များ အပုံက ထွက်နိုင်၍ ဇေယျဝတီ တပ်တော်သာသို့ ရောက်တော်မူသော အရေးပုံတစ်ပုံ ပြီး၏။

---

၁။ 'ရွာသစ်ကြီးအရှေ့ တလဟာတွင်' – ပုံနှိပ်ပြီးမူများ

mgyoe.com

 mgyoe.com SAMPLE BOOK 

## ၂- တောင်ငူကို အောင်တော်မူခြင်း အရေးပုံ

သက္ကရာဇ် ၁၂ ခု[၁] အကူးတွင် ယင်း မြို့သစ်တပ်တော်ကို နောက် 'ဇေယျဝတီ'ဟူ၍ သမုတ်တော်မူသော အစတပ်တော်တွင် မြန်မာ, မွန်, ရှမ်း မှူးမတ်များနှင့် ရုံးစု၍၊ ကင်းရှည်, ကင်းတိုထား၍ တိုင်ပင်တော်မူသည်ကား၊

"ဟံသာဝတီသို့ ပြန်၍ အရုံးအစုမညီခင် တိုက်ရသော်တည်း သင့်မည်လော။ ယင်းတွင် ရပ်၍[၂] အနေကျမှ တောင်ငူသို့ချီရသော်တည်း သင့်မည်လော။" ဟူ၍ တိုင်ပင်တော်မူသော်၊

အချို့လည်း 'ဟံသာဝတီသို့ ပြန်၍ တိုက်မည့်အရေး'ကို လျှောက်ကြလေသည်။

အချို့လည်း 'ဤတွင် အနေကျမှ ပြေးပုန်းကြသော မြန်မာ, မွန်, ရှမ်းတို့ကို ခေါ်ဝေါ်ရုံးစု၍ တောင်ငူမြို့သို့ချီသော် သင့်မည် ထင်သည်။'- ဟူ၍ လျှောက်ကြသည်။

ထိုအခါဝယ် 'သီရိဇေယနော်ရထာ' ဟူသောအမတ်ကြီး လျှောက်သည်ကား

"ယခုသည် နှေးနှေးဖြည်းဖြည်း လုပ်ကြံမည်အရေးနှင့် အလျင်လုပ်ကြံမည်အရေးသော်၊ နှေးနှေးလုပ်ကြံမည်အရေးကို မလို။ လျင်လျင်လျားလျား စစ်ဦးဘီလူးပါ ဟူသည်အရေးကိုသာ လိုသည်။ အဘယ့်ကြောင့်နည်းဟူမူကား မင်းခေါင်သည် တောင်ငူနေ မဟုတ်။ ယာယီသမား ဧည့်သည်သာ ဖြစ်သည်။ အရေးကိုညှိ၍ မညီမညွတ်ခင် တစ်နေ့တစ်ညဉ့်မျှ အကြာမလို ချီတော်မူသော် သင့်၏။"-ဟု နားတော်လျှောက်သော်၊

"သည်လျှောက်သောအရေးနှင့် ငါ ကြံတော်မူသောအရေး ညီလှ၏။"ဟု မိန့်တော်မူ၏။

---

၁။ '၉၁၂ ခု' ဟု ယူ။
၂။ 'ယင်းတွင် ရုံးစု၍' - ပုံနှိပ်ပြီးမူများ။

mgyoe.com

mgyoe.com SAMPLE BOOK

* * *

ထိုညဉ့်၌ အိပ်မက် မြင်တော်မူသည်ကား-'သပြေသီးတစ်ခိုင်တည်းတွင် ၅ လုံး သီးသည်။ ၅ လုံးသီးတွင် အခေါင်ဆုံးမှအသီးကို စား တော်ခေါ်မက်သည်ကို ဖတ်တော်မူသည်ကား

''သည်အိပ်မက်အလိုတော်ကား ငါ့ညီအမည်လည်း 'မင်းခေါင်' ဟူသည်။ အခေါင်မှအသီးကိုလည်း ငါ ဆွတ်၍ စားတော်ခေါ် မက်သည်။ သည်အလိုသော် ဇမ္ဗူလုံးနှင့်တကွကို ငါ အောင်တော်မူမည် မချွတ်။''-ဟူ၍ မိန့်တော်မူ၏။

ထိုအခါ ကိန်းခန်းတာရာကို တွက်ချက်၍ ပညာရှိများနှင့် ကြည့်တော်မူပါသော်၊ ပင်းယဝယ် ငါးစီးရှင် ရှမ်းပြည်တိုင်အောင် ရဖူးလေသောအခါ ဂြိုဟ်နေဂြိုဟ်ထိုင်နှင့် တစ်ချက်တည်း ကြိုက်သည်။

နိမိတ်ကြည့်မှာလည်း လင်သက်ငှက်သည်[၁] မြွေကိုချီ၍ တပ်တော်ဦးတွင် ချလှာသောနိမိတ်နှင့် ကြုံကြိုက်သည်။

တဘောင်နာရာမှာလည်း 'စားမည်သောက်မည်၊ ကြိုးကြိုစည်၍၊ လာသည်တည်းလေ ဖော်ချင်းတို့။' ဟူ၍ ဆိုသော တဘောင်နှင့် ကြိုက်သည်။

ကြက်ရိုးထိုးရာမှာလည်း ခုံမှိုင်းကြီးစော်ဘွားသည် မြန်မာပြည်ကို အောင်ဖူးလေသော ကြက်ရိုးနှင့် တစ်ချက်တည်း ကြိုက်သည်။

တံမျဉ်းချိုးရာမှာလည်း 'ရှေ့, နောက် ရှင်းရှင်းဝန်း' တံမျဉ်းနှင့် ကြိုက်သည်။

စာရေးတံ ကောက်ရာမှာလည်း

'ပျက်လေအသူရိန်၊ အောင်လေဘုရား ပညာ'ဟူသော စာရေးနှင့် ကြိုက်သည်။

နတ်ဆို နားထောင်ရာမှာလည်း

'အောင်၏သွားလေ၊ ရက်စနေနှင့်၊ ဗုဒ္ဓဟူးကို ချီလေစေ။'ဟူ၍၊ နတ်စည်းချ၍ ဆိုသောစကားနှင့် ကြိုက်သည်။

---

၁။ 'လင်ဆင်ငှက်, လင်ဆက်ငှက်' - ပုံနှိပ်ပြီးမူများ။

mgyoe.com

 mgyoe.com SAMPLE BOOK 

သိုက်စာ နာရာမှာလည်း 'ဆင်မင်းခံတွင်း၊ ဆင်ဖြူနှင်း၍၊ ပွင့်လင်း တိုင်းကား များလတ္တံ့။ သာသနာလည်း၊ ရောင်ဝါရှေးထက် တိုးလတ္တံ့။' ဟူသော သိုက်စာနှင့် ကြုံကြိုက်သည်။-ဟူ၍

တောင်ငူမြို့အရှေ့အနောက်တောင်ထောင့် သီရိအရပ်၌ ခပေါင်းကို ရှေ့တင်၍ တပ်မ ချတော်မူ၏။ ထိုတပ်တော်ကိုလည်း 'ကမ္ဗောဇသာဒီ'[၁] ဟူ၍ အမည်ပေးတော်မူ၏။

ထိုတပ်ဝယ် နေတော်မူ၍ အရှေ့၊ အနောက်၊ တောင်၊ မြောက်ကို လည်း ကင်းရှည်၊ကင်းတို ထားတော်မူ၏။ မွန်ပြည်ဝယ် ပြေးပုန်းလေသော အမှူးအမတ်များ-မွန်၊ ရှမ်းတို့သည် အားလုံး ရောက်ပြန်လှာကုန်၏။ မင်းခေါင်သို့မလိုက်ဘဲ ပြေးပုန်းရှောင်လေသော မှူးကြီးမတ်ကြီးများလည်း အလိုလို ရောက်ပြန်လှာ၏။ မြို့တွင်းက ထွက်လာသည့်သူများကိုလည်း ဆုကြီး လာဘ်ကြီးများစွာ ပေးတော်မူ၏။ မြို့တွင်းက တိုက်လာသော အမှူးအမတ် များကိုလည်း ရလျှင် မကွပ်မညှပ်ဘဲ ဆုလာဘ်ပေးလိုက်၍သာ၊ မှာထားတော် မူလိုက်၍ လွှတ်ပြန်လိုက်၏။

ပြည်သူ၊ရဟန်းကို သားကဲ့သို့ ကျင့်တော်မူသည်။ မြို့တွင်းသားသည် အလွန်တော်မွတ်၍ ကျဉ်းမြောင်းသည်နှင့်၊ 'အရေး'ဟူသမျှသည် ကုန်လေ၍ အမတ်များတို့သည် ခြေရင်းတော်သို့ ရောက်လာကုန်၏။ အလွန်ကြောက်ခြင်း ကြီးသောကြောင့် ရဟန်းသံဃာတို့ကို စေ၍ အသက်လွှတ်ကြောင်းနှင့် ခွင့်တောင်းလျှင် အောင်မြင်တော်မူ၏။

ထိုသို့ အောင်မြင်တော်မူလျှင် ၊ 'အလုအယက် နိုင်ထက်ကြီးကဲ မပြုရ။ လူတစ်ယောက်ကိုမျှ သုံ့ပန်း မဖမ်းရ။ ကြက်မွေးတစ်ချောင်းမျှ မချွတ်ရ။' တားမြစ်တော်မူ၏။

ညီတော် ဘုရင်မင်းခေါင်ကို တောင်ငူမင်းတို့၏ အဆောင်အယောင် နှင့်တကွ တောင်ငူမြို့ကို အပ်နှင်း၍ စားမြဲကို စားစေ၏။ အမှူးအမတ် တို့ကိုလည်း စားမြဲ စားစေ၏။

---

၁။ 'ကံစသာတီ' - အရေးတော်ပုံ ၆ စောင်တွဲ

mgyoe.com

mgyoe.com SAMPLE BOOK


ကြီးစွာသောသစ္စာကို စီရင်တော်မူ၍ တောင်ငူမင်း အစရှိသော အမှုုးအမတ်များကို 'သားတော်အစဉ် မြေးတော်အဆက်'ဟူ၍ သစ္စာကို တိုက်တော်မူ၏။ ထိုသစ္စာကျမ်းကိုလည်း 'မင်းတရားကြီးသစ္စာတော်ဦး'ဟူ၍ ယခုတိုင်အောင် တွင်၏။

ထိုအခါဝယ် သီရိဇေယနော်ရထာကို မလိုက်နာချေသော မြို့တွင်းသားသည် အဝအလင် ဖြစ်လေသည်။ ထိုမြို့ပြင်သားတို့၏ သား,မယားဟူသမျှလည်း မြို့တွင်းမှာချည်း ရှိလေသည်။ ကြာချေသော် အလွန်ခဲချိမ့်မည်။

* * *

ထိုသို့သောအခါဝယ် သီရိဇေယနော်ရထာကို လိုက်နာတော်မူခြင်းသည်ကား ဓမ္မဝတ်, လောကဝတ်, ရာဇဝတ်၌ ကျင်လည်တော်မူသဖြင့်၊ မဟောသဓာ စီရင်၍ ၁၀၁ ပါးသောမင်းတို့ကို ဝိဒေဟရာဇ်မင်းကြီးသည် နိုင်ဖူးလေသောပုံစံကို လည်းကောင်း။

ဇနင်္ဂကျမ်း၌ဝယ် သူရမတိအမတ်စကားကို နာ၍ သူရဝံသရသေ့ သည် ပြည်စည်းစိမ်ကို ရဖူးလေသော ပုံစံကို လည်းကောင်း။

ပုဂံဝယ် အနန္တရသူရိယအမတ်စကားကို နာ၍ အလောင်းစည်သူမင်းကြီးသည် တိုင်းခွင်လည်ဖူးလေသော ပုံစံကို လည်းကောင်း။–နှလုံးသွင်းတော်မူ၍၊

**'သီရိဇေယျနော်ရထာ' ဟူသော သေနာပတိ လျှောက်သော အရေးနှင့် ဘဝရှင်မင်းကြီး ကြံတော်မူသည်နှင့်ညီ၍ တောင်ငူမြို့ကို အောင်မြင်တော်မူသော အရေးပုံ တစ်ပုံ။**


mgyoe.com

mgyoe.com SAMPLE BOOK



## ၃- သရေခေတ္တရာကို အလိုပြည့်တော်မူခြင်း အရေးပုံ

သက္ကရာဇ်လည်း ၁၃ ခု[1] တွင် 'ကေတုမတီ' မည်သော တောင်ငူကို အောင်တော်မူလျှင် ကြီးစွာသော ကုသိုလ်ကောင်းမှုကို ပြုတော်မူ၏။

- တဲတော်ကိုလည်း ကျောင်းရံ ၂၀ နှင့်တကွ ကျောင်းပြု၍ လှူတော်မူ၏။
- သက်တော်စေ့လည်း ပဥ္စင်းခံတော်မူ၏။
- သရထေရ်ညီတော်, နောင်တော်ကိုလည်း ထီး, ချရားသီးကသည် မြေတိုင်အောင် ရွှေအပြည့် ထည့်တော်မူ၏။
- ဝတ္ထုကံမိုးမြေ သံဃိကလည်း စိစစ်၍ လှူတော်မူ၏။

ထို မြန်မာ, မွန်, ရှမ်း အမှုုအမတ်အလုံးစုံကို ရုံးစု၍ သစ္စာတော်ကို တိုက်ပြီးမှ၊ ပြည်ထဲအရေးကို တိုင်ပင်တော် မူအပ်သည်ကား

"ယခု ဟံသာဝတီသို့ချီ၍ ရိုင်းပြန်လေသော လူသူများကို ရုံးစု ရသော် ကောင်းပါမည်လော။ ငါ သည်တွင်နေ၍ အမှုုအမတ်အလုံးစုံ ငါ့ညီတို့ကို ချီစေသော်လည်း ကောင်းမည်လော။"-ဟူ၍ အရေးကို ဆင်ခြင် တော်မူသော်၊

အချို့လည်း 'ကေတုမတီတွင် နေတော်မူ၍ အင်းဝသို့ အရေးအရာကို စမ်းချေစိမ့်မည်အရေး'ကို လျှောက်ကြသည်။

ထိုအခါတွင် 'အနန္တစည်သူ'[2] ခံသော မင်းဆွေစိုးမျိုး လျှောက်သည်ကား

"ယခုသည် ကေတုမတီ ရာဇဌာနီကို အောင်တော်မူပြီးသည်။ မွန်ပြည်ဝယ် မွန်သည် နွားမွေးနှင့်အတူ များလှသည်။ ငါတို့မြန်မာကား နွားချိုနည်းအတူ နည်းချေသည် ဖြစ်သောကြောင့် ဟံသာဝတီသို့ မချီလိုသေး။ မြန်မာကိုသာ များအောင် စုဆည်းပူးရချိမ့်မည်ကာလ ဖြစ်ချေသည်။ ယင်းသို့ဖြစ်သောကြောင့် ကျွန်ုပ်အလိုသော်ကား သရေခေတ္တရာသို့ အလျင်ချီစေလိုသည်။ ကြာချေသော် အကြံအစည်ရရှိမ့်မည်။ မကြာမတင် ချီရသော် သတိုးသူလည်း အကြံအစည်မပြည့်ခင် ချီတော်မူတော့။"ဟူ၍ နားတော်လျှောက်၏။

---

၁။ '၉၁၃'ခုဟုယူ။

၂။ 'နန္ဒစည်သူ'-ပုံနှိပ်ပြီးမူများ။ 'အနန္တစည်သူ' ဒေါက်တာတိုးလှ တည်းမူ။

mgyoe.com

mgyoe.com SAMPLE BOOK


တောင်ငူမင်းလည်း "ကျွန်ုပ်လုပ်ကြ၍ လက်ဆောင်တော် ဆက်မည်။"ဟူ၍ နားတော်လျှောက်သည်။

ဘဝရှင်မင်းတရားကြီးလည်း "နန္ဒသူ[၁] လျှောက်သောအရေးသည် ဟုတ်လှ၏။"-ဟု၊

* * *

ထိုအခါဝယ် ကိန်းခန်းတာရာကို တွက်ချက်စေသော်၊

အနော်ရထာစောသည် နတ်မြင်းယာဉ် ၄ စီးနှင့်တကွ ဥသာပြည့်ရှင်သထုံမင်းကို အောင်ဖူးလေသောအခါ စန်း,လဂ်,ဂြိုဟ်နေဂြိုဟ်ထိုင် တစ်ချက်တည်းအခါနှင့် ကြိုက်သည်။

နိမိတ်ကြည့်ရာမှာလည်း ကျွဲကြီးကိုသတ်၍ သေသောနိမိတ်ကို မြင်သည်နှင့် ကြိုက်သည်။

တဘောင်နာရာမှာလည်း 'ဆင်,မြင်း လာ၏။ ယူပါလေ။'ဟူ၍ မိန်းမကြီးသည် သားကိုဆိုလိုက်သော တဘောင်ကို ကြားခဲ့သည်။

ကြက်ရိုး ထိုးရာမှာလည်း စော်ဘွားစောသည် ဥတည်ပွားကို အောင်နိုင်ဖူးလေသောကြောင့် ကြက်ရိုးနှင့် တစ်ချက်တည်း ကြိုက်သည်။

တံမျဉ်း ချိုးရာမှာလည်း 'ထိုဝံကနှင့်တကွ[၂] သူက ရှင်သော'တံမျဉ်းနှင့် ကြိုက်သည်။

စာရေး ကောက်ရာမှာလည်း မာရ် ၅ ပါးကို အောင်မြင်တော်မူသော စာရေးကောက်နှင့် ကြိုက်သည်။

နတ်စစ်ချ၍ မေးရာမှာလည်း 'အောင်၏ သွားလေ၊ လျင်လေစေ။" ဟူ၍ နတ်ဆိုသောစကားနှင့် ကြိုက်သည်။

သိုက်စာ နာရာမှာလည်း

'အနောက်တစ်လွှား၊ ရန်စစ်များကို၊ မင်းဖျားရှင်းရှင်း ယူလတ္တံ့။' ဟူသောသိုက်စာနှင့် ကြိုက်သည်။

---

၁။ 'အနန္တစည်သူ' ကို အတိုမှတ်သည် ယူဆရ။
၂။ 'တိုင်ကဝန်နှင့်တကွ

mgyoe.com

mgyoe.com SAMPLE.BOOK


ထိုအခါဝယ် နေ့ ညဥ့်မသိ အပြင်းချီတော်မူမည့်အရေးကို စီရင်တော်မူ၏။

ဘုရင်မင်းခေါင် တပ်မင်း၊ 'နော်ရထာ'ဟူသောအမတ်ကား စစ်ကဲ-ရှေ့တပ် ချီစေသည်။

ဘဝရှင်မင်းတရားကြီးကား နောက်တပ်မပြု၍ အပြင်းချီတော် မူ၏။

သရေခေတ္တရာသို့ ရောက်တော်မူလျှင်၊ 'ရန်မထူ' ဟူသောအရပ်တွင် ချောင်းကို ရှေ့တင်၍ နေတော်မူ၏။

ဘုရင်မင်းခေါင်နှင့် နော်ရထာသည် တပ်မချဘဲ ညဥ့်သန်းခေါင်ကို အပြင်းချီလေ၍၊ တောင်တံခါးကို ရက်ဖောက်ကျိုးအောင် 'ယိုးဒယားစိန်' ဟူသော ဆင်နှင့်တိုက်ဖောက်၍၊ အိမ်တိုင်အောင် ချီ၍ တက်လေ၏။

ပြည်ကိုစားသော သတိုးသူလည်း 'တောင်ငူစားသော ဘုရင်မင်းခေါင်ပဲ့' ဟူ၍ လက်ဆောင်တော် ဆက်လေ၏။ ညဥ့်တွင်းချင်း သရေခေတ္တရာ ပြည်ကြီးကို အောင်မြင်တော်မူ၏။

ထိုသို့အောင်မြင်တော်မူလျှင် ညဥ့်ဦးက သုံ့ပန်းဖမ်းသရွေ့ လူအလုံးစုံကိုလည်း လွှတ်ရ၏။

သရေခေတ္တရာတွင်ရှိသော အမှုးအမတ် အလုံးစုံကိုလည်း 'သားတော်အစဉ် မြေးတော်အဆက်' ဟူ၍ ကြီးစွာသောသစ္စာကို တိုက်တော်မူ၏။

ရှေးစဉ်စားမြဲသော မြို့ပြတိုင်းခရိုင် အလုံးစုံကိုလည်း 'ရှေးစားမြဲ' ဟူ၍၊ ထပ်၍ ပေးတော်မူပြန်၏။

ကြီးစွာသော အလှူကိုလည်း စွန့်ကြဲတော်မူ၏။

အနောက်ရခိုင်သို့လည်း ကင်းသင်း အသေအချာထားတော်မူ၏။

တလည်ဆိုးစားကို လူသူအများနှင့် အလျင်ချီရလေ၏။ အောက်မွန်ပြည်သို့လည်း ဓနုဖြူတွင် လှေတပ်အများ ထား၍ တရုတ်မော်စား၊ ကူထွတ်စားတို့နှင့်တကွ ကင်းသင်း ထားတော်မူ၏။


mgyoe.com

mgyoe.com SAMPLE BOOK


* * *

ထိုအခါဝယ် မင်းဆွေစိုးမျိုးဖြစ်သော အနန္တစည်သူ လျှောက်သော အရေးကို မနာဘဲ အလျင်ချီချေသော် အလွန်နှောင့်ယှက်ချိမ့်မည်။ အနန္တစည်သူ စကားကို လိုက်နာခြင်းသည်ကား 'အယုတ်, အလတ်,အမြတ် ၃ ပါးကို တိုင်ပင်ရာသည်။' ကို နှလုံးသွင်းတော်မူ၍၊

ဘုရားတရားတော်တွင် စန္ဒပဇ္ဇောတမင်းသားသည် ရသေ့စကားကို နာ၍ ရန်မာရ်ကို အောင်ဖူးလေသောပုံစံကို လည်းကောင်း။

ဗာဟီရကျမ်းဝယ် ကျေးသားစကားကို နာ၍ အင်္ဂဝတီရသေ့သည် တော ၃၀၀၀ ကို အစိုးရဖူးသောပုံစံ၊ ပုဂံတွင် မဟာမိုနှင့် အနန္တသူစကားကို နာ၍ နရပတိစည်သူ မင်းကြီးသည် ငြိမ်းချမ်းသာယာစွာ တိုင်းနိုင်ငံ ကျယ်ဖူး လေသောပုံစံကို လည်းကောင်း နှလုံးသွင်းတော်မူ၍၊

ဘဝရှင်မင်းတရားကြီးသည် ''အနန္တစည်သူစကားကို နာသောအရေး သည် အလွန်ဖြစ်ခဲလှ၏။''-ဟူ၍ ကြီးစွာသော ဥဒါန်းမော်ကွန်းကားကို မိန့်တော်မူ၍ ကြီးစွာသော မင်းဆွေမင်းမျိုးတို့၏ အဆောင်အယောင်ဆုကိုလည်း ပေးတော်မူ၏။

**ဤသို့ အနန္တစည်သူ လျှောက်သောအရေးနှင့် ဘဝရှင်မင်းတရားကြီး ကြံသော အရေးနှင့် ညီ၍ သရေခေတ္တရာမြို့ကို အောင်မြင်တော်မူသော အရေးပုံတစ်ပုံ ပြီး၏။**


mgyoe.com

mgyoe.com
SAMPLE BOOK


## ၄- မြစ်စဉ်တစ်လျှောက်ကို သိမ်းသွင်းခြင်း အရေးပုံ

သက္ကရာဇ် ၉၁၃ ခု။[၁] သရေခေတ္တရာပြည်ကြီးကို အောင်မြင်တော်မူလျှင် ညီတော်သတိုးဓမ္မရာဇာကို ပြည်မင်း၏ အဆောင်အယောင်နှင့်တကွ ပြည်မြို့ကို ပေးတော်မူ၏။ ထိုနောင်မှ မှူးကြီးမတ်ကြီးများနှင့်တကွ ရုံးစု တိုင်ပင်တော်မူ၏။

"ရေကြောင်း, ကြည်းကြောင်း စီရင်၍ ဟံသာဝတီသို့ ချီရသော် ကောင်းမည်လော။ သရေခေတ္တရာတွင် နေတော်မူ၍ ကြည်းကြောင်းကို တောင်ငူမင်းကို တောင်ငူအားနှင့် ချီသော်လည်း သင့်မည်လော။"-ဟူ၍ အရေးအရာကို ညီညွတ်၍ တိုင်ပင်တော်မူသော်၊

တချို့လည်း 'ရေကြောင်း, ကြည်းကြောင်း ဟံသာဝတီသို့ ချီမည် အရေး'ကို လျှောက်သည်။

တချို့လည်း 'တောင်ငူမင်းလည်း တောင်ငူအားနှင့် ကြည်းကြောင်း၊ ဘဝရှင်မင်းတရားကြီးကား ရေကြောင်း ချီတော်မူသော် သင့်၏။'-ဟူ၍ လျှောက်ကြသည်။

ထိုအခါဝယ် စည်သူကျော်ထင်အမတ်ကြီး လျှောက်သည်ကား

"ယခု ဟံသာဝတီကို ရှိနှင့်စေဦး။ သရေခေတ္တရာတွင် နေတော်မူ၍ စကု, စလင်း, ဖောင်လင်း, ပုဂံ, ပုခန်းတိုင်အောင် မြစ်စဉ်တစ်လျှောက်ကို သိမ်းယူချီမည်။ သာလျှင်လည်း အင်းဝတိုင်အောင် စမ်းချေပါ ချီရသော် သင့်မည် ထင်သည်။ 'တစ်နှယ်ငင် တစ်စင်ပါ, စစ်ဦးဘီလူးပါ' ဟူသော အရေးသည် ကောင်းလှသည်။"ဟူ၍ နားတော်လျှောက်သော်

---

၁။ ခရစ်နှစ် ၁၅၅၁

mgyoe.com

mgyoe.com SAMPLE.BOOK

* * *

ဘဝရှင်မင်းတရားကြီးသည် ''သိကြားနတ်တို့ စီရင်၍ စည်သူကျော်ထင်လျှောက်သောအရေး ဟုတ်လှ၏။''-ဟူ၍ နိမိတ်, တဘောင် နာရ၏။ ကြက်ရိုး, တံမျဉ်းလည်း ထိုးရ၏။ ဟူးရားတတ်ပညာရှိတို့ကိုလည်း ထွက်ချက်စေ၏။

ထိုအခါတွင် ရဟန်းတစ်ပါးသည်
'ဇမ္ဗူလုံးကို၊ လက်ရုံးထား၍၊
မြစ်သားအညာ၊ ယူမည်လာသည်။
ဒကာတော်မင်း၊ လူ့မှန်ကင်း။' ဟူ၍ ဆိုသည်။
တစ်ယောက် နာရာမှာလည်း
'မြစ်ငယ်တိုင် ကောက်ကစင်း၊ ငရိုးဟင်းနှင့်၊ မြူတင်ကစ၊
မလွတ်ရလျှင် စားရတော့မည်။'-ဟူ၍ သူငယ်တို့ဆိုသောစကားကို ကြားသော်၊ ''သည်နိမိတ်သည် မှန်လှ၏။''-ဟူ၍ ဆုလာဘ် ပေးတော်မူ၏။

ဆင်, မြင်း, စစ်သည်ဗိုလ်ပါနှင့် ဘဝရှင်မင်းတရားကြီးကား တောင်ခြေ ချီတော်မူသည်။

ညီတော် ပြည်မင်းကို တပ်မင်း,သီရိဇေယနော်ရထာကို စစ်ကဲ ထည့်၍ ပြည်တွင်ရှိသရွေ့ ရဲလှေ,လှော်ကားအပေါင်းနှင့် ရေကြောင်း ချီလေစေ၏။

လကျာ်ရဲတိုင်နှင့် ပန်ကောင်စား, တလည်ဆီးစားကိုလည်း စစ်သည်ဗိုလ်ပါနှင့် အနောက်ဘက်ကြောင်း ချီလေစေ၏။

ထိုသို့ မြစ်ကြောင်းပိတ်မျှ ကြည်းကြောင်း, ရေကြောင်း ချီတော်မူလေလျှင်၊ စကု, စလင်း, ဖောင်လင်း, လယ်ကိုင်း အစရှိသော ပုဂံ, ပုခန်းတိုင်အောင် မြစ်စဉ်တစ်လျှောက်လုံးသည် သားသမီး, ဆင်, မြင်းတို့ကို လက်ဆောင်တော်ဆက်၍ ကျွန်ချည်း ခံလှာကုန်၏။ အလုံးစုံကို တစ်ယောက်မကြွင်း ယူခဲ့၏။


mgyoe.com

mgyoe.com
SAMPLE BOOK


* * *

ထိုအခါဝယ် စည်သူကျော်ထင် လျှောက်သောအရေးကို လိုက်နာတော်မူခြင်းသည်ကား

အရိန္ဒမမင်းသည် သိကြားစကားကို နာ၍ အရပ်ဟောင်းနှင့်တကွ နိုင်ငံတော်ကို ပိုင်ဖူးလေသော ပုံစံကို လည်းကောင်း။

ဗာဟီရကျမ်းဝယ် မဟာဗိသံနိုးနတ်မင်းသည် နရမိတ်လှစကားကို နာ၍ အရပ်ရပ်၏ကိုးကွယ်ရာ ဖြစ်ဖူးလေသောပုံစံကို လည်းကောင်း။

ပုဂံဝယ် နော်ရထာစောသည် နတ်မြင်းယာဉ် ၄ စင်းစကားကို နာ၍ သထုံမင်း မနူဟာနှင့်တကွ ရာမညတိုင်းဖြစ်သော မွန်ပြည်များကို အောင်မြင်ဖူးလေသောပုံစံကို လည်းကောင်း နှလုံးသွင်းတော်မူ၍၊

"စည်သူကျော်ထင် လျှောက်သောအရေးသည် ညီလှသောကြောင့် အလွန်ဖြစ်ခဲလှ၏။"-ဟူ၍ ဥဒါန်းမော်ကွန်းစကားကို မိန့်တော်မူ၏။ ကြီးစွာသော အဆောင်အယောင်ကိုလည်း ဆု ပေးတော်မူ၏။

**ဤလည်း ဘဝရှင်မင်းတရားကြီးအရေးတော်နှင့် စည်သူကျော်ထင် လျှောက်သောအရေးသည် ညီလှသောကြောင့် စကု,စလင်းကသည် ပုဂံ, ပုခန်းတိုင်အောင် အရှေ့ဘက်, အနောက်ဘက်ကို အောင်မြင်တော်မူသော ပွဲတော်ပုံ တစ်ပုံ။**


mgyoe.com

mgyoe.com SAMPLE BOOK


## ၅- အင်းဝရေကြောင်းတိုက်ပွဲ အရေးပုံ

ထိုသို့ အောင်မြင်တော်မူပြီးမှ ရတနာပူရ အင်းဝတိုင်အောင် ချီတော်မူသော်၊ အင်းဝမင်း နရပတိစည်သူသည် ရေကြောင်းလည်း ရဲလှေ,လှော်ကား စီရင်၍ တိုက်မည်ပြုသည်။ ကြည်းကြောင်းလည်း ထိုမင်းကိုယ်တိုင်ပင် ဆင်, မြင်း, ဗိုလ်ပါနှင့် တိုက်မည် စီရင်သည်။

ထိုအခါဝယ် ဘဝရှင်မင်းတရားကြီးစစ်သည်တော် ဟူသမျှသည် စမ်းချေပါသာ ချီသည်ဖြစ်သောကြောင့် အနောက်ဘက်ကို ချီသူများလည်း အရှေ့ဘက်သားတို့ကို ငံ့သည်။ အရှေ့ဘက်ကြောင်း ချီရသည့်သူများလည်း အနောက်သားတို့ကို ငံ့သည်။ မညီမညွတ်ကြ၍၊

"သည်အရေးသည် ဆင်, မြင်း နည်းချေသည်။ လူများလည်း မညီမညွတ်ခင် ဖြစ်သောကြောင့် ပြန်တော်မူသော် သင့်မည် ထင်သည်။" ဟူ၍ လျှောက်ကြသည်။

ဘဝရှင်မင်းတရားကြီးကား ထိုစကားကို ကြားတော်မူလျှင်၊ "ငါသို့သောမင်းဇကေရာဇ်သည် သူကစစ်သည် ချီလာသည်ကို 'နောက်ပေး၍ ပြန်မည်။'-ဟူ၍ လျှောက်သည်။ မဟုတ်ကြ။ ငါကိုယ်ပင် တိုက်တော်မူမည်။"-ဟူ၍၊ ကြိမ်းဝါး၍ စီရင်တော်မူသည်။

ထိုအခါတွင် သီရိဇေယနော်ရထာ လျှောက်သည်ကား

"ဘုန်းကြီးသည်အရှင်သည် တိုက်တော်မူမှ သင့်မည်။ မြေခင်း,သစ်ခင်း လဟာကျယ်ဝန်းသည့်အရပ်တွင် နေတော်မူရမှ သင့်မည်ဖြစ်သောကြောင့် ကျယ်ဝန်းသည့်အရပ်သို့ ကိုယ်တော်ရုံးစု၍ နေတော်မူနှင့်တော့။ အကျွန်ုပ်တို့မှုကား စစ်ကြီးငင်ချိမ့်မည်။"-ဟူ၍ နားတော်လျှောက်သည်။


mgyoe.com

"သည်အရေးသည် ဟုတ်လှ၏။"-ဟူ၍၊ တိုက်တော်မှူမည် အခင်းသာယာသောအရပ်သို့ ကိုယ်တော်ရှိး၍ နေတော်မူ၏။

"ယင်းသို့မှ သီရိဇေယနော်ရထာသည် အင်းဝသားစစ်သည် လှေတက်အများ စုန်လာသည်ကို "ငါတို့လှေအပုံက သီရိဇေယနော်ရထာ လှေကို ထိုး၍ပင် အပြင်းဆန်တက်လေ။" ဟစ်ကြော်၍ ဆိုစေ၏။

"ဟယ်- အင်းဝသားစစ်သည် လူမိုက်များအပေါင်း။ ငါတို့ ဘဝရှင်မင်းတရားကြီးကို သာယာစွာသောစကားကို မဆိုနှင့်ကုန်ဘဲ အဘယ်ကြောင့် ပုစွန်ကဲ့သို့ လက်မကို ထောင်ကုန်သနည်း။ ယခုသည် စကု၊ စလင်း၊ ဖောင်လင်း၊ လယ်ကိုင်း၊ ပုဂံ၊ ပုခန်း စသော မြို့ကြီးပြကြီးများကို အနိုင်ရ၍ သိမ်းယူလေပြီးသည်ကို မကြားပါကုန်သလော။"[၁] -ဟူ၍ ဟစ်ကြော်၍ ဆိုလျှင်၊ အင်းဝသား စစ်သည်လှေကြောင်း ချီလေသရွေ့သည် ငိုမြည်တမ်း၍၊ 'လှေတပ်'ဟူသမျှသည် တပ်လက်ပျက်၍ အလုံးစုံပင် မချီလာဝံ့ဘဲ ပြန်လေကုန်၏။

လှေသားစစ်သည်အားလုံး ပြန်လေလျှင် 'ကြည်းသား'ဟူသည်လည်း ဆင်ပြင်၍ ပြန်လေကုန်၏။

* * *

ထိုသို့သောအခါတွင် သီရိဇေယနော်ရထာ လျှောက်သည့်အရေးကို ဘဝရှင်မင်းတရားကြီး နာတော်မူခြင်းသည်ကား -

ရတနာပဗ္ဗောတမင်းကြီးသည် ဆရာတော်ပုရောဟိတ်စကားကို နာ၍ ပြည်ကြီးစည်းစိမ်ကို ရဖူးလေသော ပုံစံကို လည်းကောင်း။

ဗာဟိရကျမ်းဝယ် စန္ဒိနတ်မင်းသည် သီရိနတ်၏စကားကို နာ၍ လူတကာတို့၏ ကိုးကွယ်ရာဖြစ်သော ပုံစံကို လည်းကောင်း။

---

၁။ 'တောင်ငူကြောင်းလည်း ကိုးသိန်းသခင် မင်းခေါင်စစ်သည် မိုလ်ပါအများနှင့် ချီလေ၍၊ ရမည်းသင်း၊ ဝတီး၊ ယင်းတော်၊ လှိုင်းတက်၊ ညောင်ရမ်း စသော ပြည်ကြီးများကို သိမ်းယူလေပြီးသည်ကို မသိသလော။" - ပုံနှိပ်ပြီးမူများတွင် ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK



ယမန်တွင် ဒွတ္တပေါင်မင်းကြီးသည် ရှင်ရသေ့ အမှီကောင်းသော စကားကို နာ၍ အကျွန်းကျွန်းတို့ကို နှိမ်နင်းစိုးအုပ်လေသော ပုံစံကိုလည်း ကောင်း နှလုံးသွင်းတော်မူ၍၊

''သီရိဓေယနော်ရထာအရေးကို လိုက်တော်မူခြင်းသည် အလွန်ဖြစ်ခဲလှ၏။''-ဟူ၍၊ ကြီးလှစွာသော ဥဒါန်းမော်ကွန်းစကားကိုလည်း မိန့်တော်မူ၍၊ ကြီးစွာသောအဆောင်အယောင်ကိုလည်း ပေးတော်မူ၏။

ဤလည်း သီရိဓေယနော်ရထာနှင့် ဘဝရှင်မင်းတရားကြီး အရေးတော်သည် ညီလှသောကြောင့် အင်းဝစစ်သည် ရေသား, ကြည်းသား ငံ့တန့်ပြန်လေ၏။ ဘဝရှင်မင်းတရားကြီး စစ်သည်တော်များသည် ငြိမ်းချမ်းသာယာစွာ တိုက်၍ပြန်ခဲ့သော အရေးတော်ပုံ တစ်ပုံ။



mgyoe.com

mgyoe.com SAMPLE BOOK


## ၆–သမိန္ဒောရာမကို စီးချင်းတိုက်၍ ပထမပွဲအောင်မြင်သည့် အရေးပုံ

သက္ကရာဇ် ၉၁၃ ခု[၁]တွင် သရေခေတ္တရာသို့ စုန်တော်မူပြန်ခဲ့၏။ တစ်လလောက် နေတော်မူခဲ့မှ ပြည်သို့ ချီတော်မူသောအခါ မိဋ္ဌာန်တော်မူ၍ ဆုယူပြီးမှ၊

– ရေစက်သွန်းတော်မူသော ကွမ်းခွက်တော်နှင့် ပတ္တမြားစီသော ဖလားတော်ကိုလည်း ပြည်ဆံတော်ရှင်ကို ထီး, ချရားသီးမှသည် မြေတိုင်အောင် မျက်ပါးခတ်စေ၍ ထည့်တော်မူ၏။

– သက်တော်စေ့လည်း ပဍ္ဍင်း ခံတော်မူ၏။

– ပုထိုးဘုရား, ဇရပ်, ကူ, ကျောင်း ပျက်လေသည်များကိုလည်း ပြင်ဆင်လုပ်တော်မူ၏။

– ဝတ္ထုကံ သံဃိကမြေတို့ကိုလည်း စိစစ်၍ လှူတော်မူပြန်၏။

တစ်လလောက် နေတော်မူပြန်၍ သရေခေတ္တရာတွင် စီရင်တော်မူပြီးမှ ဘဝရှင်မင်းတရားကြီးသည် စစ်သည်ဗိုလ်ပါအများ ရံ၍ တောင်ငူသို့ ရောက်တော်မူလျှင်၊ ပြည်ထဲအရေးကို မွန်, မြန်မာ, ရှမ်း အလုံးစုံသော မှူးကြီးမတ်ကြီးများတို့နှင့် တိုင်ပင်တော်မူသော်၊

တချို့လည်း 'တောင်ငူမြို့တွင် နေတော်မူ၍ အင်းဝသို့ ချီပြန်မည်။' အရေးကို လျှောက်ကြသည်။

တချို့လည်း 'အနေကျမှ ဟံသာဝတီသို့ချီသော် သင့်မည်။'–ဟူ၍ လျှောက်ကြသည်။

---

၁။ ခရစ်နှစ် ၁၅၅၁

mgyoe.com

SAMPLE BOOK

ထိုအခါတွင် သီရိဇေယျနော်ရထာ လျှောက်သည်ကား

"ပဲခူးသား မွန်တို့သည် ညီညွတ် မလွယ်သည်။[၁] ယခုသည် အနောက်လည်း တစ်မင်း ပုန်စားလေသည်။ အရှေ့လည်း တစ်မင်း ပုန်စားလေသည်။ မညီညွတ်ကြ။ စနောင့်စနင်း ရှိကြလေပြီးသည်။ ယင်းသို့ဖြစ်သောကြောင့် ယခုအခိုက်တွင် ပဲခူးဟံသာဝတီသို့ ချီတော်မူသော် သင့်မည် ထင်သည်။

"တစ်ကြောင်းလည်း ဗညားပရူနှင့် ဗညားဖြတ်ဇ, ဗညားနွဲ့, ဗညားပုရန့်တို့သည်လည်း ရေကြောင်းကို အာမခံလေပြီးသည်။ ရေကြောင်း ချီလာသော်တို့စစ်သည်တို့ ကြိုမိလိမ့်မည်။ ရေသားပျက်လေက ကြည်းသား ပျက်စီး၍ ထွက်၍ ပြေးလိမ့်မည်။ ထိုသည်အခိုက်တွင်ကို ချီသော် သင့်လှသည်။"- ဟူ၍ သံတော်ဦးတင်သည်။

ဘဝရှင်မင်းတရားကြီးလည်း "ငါ ကြံတော်မူသည့်အကြံနှင့် ညီလှသည်။ သီရိဇေယနော်ရထာ ကြံသည်အရေးသည် နတ်တကာတို့ မ,၍ လျှောက်ရသည်။"-ဟူ၍ မိန့်တော်မူပြီးမှ၊ ဟူးရားကနန်း(တို့ကို) ထိုအခါတွင်[၂] ကိန်းခန်းတာရာကို တွက်စေသော်၊

* * *

အနော်ရထာစောသည် တရုတ်ပြည်နှင့် သိန်းယိုကျွန်းတိုင်အောင် သွား၍ စွယ်တော်, ညှပ်ရိုးတော်ကိုလည်း ရမည်။ ထိုမင်းတို့ကိုလည်း နှိမ်နင်းရမည်။ - ဟူ၍၊ ဟူးရားညို, ဟူးရားဖြူတို့ အခါပေးသော စန်းလဂ် ဂြိုဟ်နေ, ဂြိုဟ်ထိုင်နှင့် တစ်ချက်တည်း ကြိုက်သည်။

နိမိတ်နာရာမှာလည်း 'လူအရှင်ကိုပင် လင်းတကျသည်။'-နိမိတ်နှင့် ကြိုက်သည်။

တဘောင်နာရာမှာလည်း

'အောင်ပြီလေလေ၊ အောင်ပြီလေ။ သားလှလေလေ၊ သားလှလေး။' ဟူ၍ဆိုသော တဘောင်နှင့် ကြိုက်သည်။

---

၁။ 'ညီညွတ်ခြင်း မရှိကြပြီ။'-ပုံနှိပ်ပြီးမူများ။
၂။ 'ဆရာများတို့ကို အခါ' - အရေးတော်ပုံ ဇ စောင်တွဲ။

mgyoe.com

mgyoe.com SAMPLE BOOK


စနည်းနာရာမှာလည်း 'ရေနှင့်မြေကို၊ စိုးလေသည်လား၊ ထိုမင်းသား။' ဟူ၍ ညဥ့်ကိုဆိုသည် စနည်းနှင့် ကြိုက်သည်။

ကြက်ရိုးထိုးရာမှာလည်း 'အနော်ရထာစော တိုင်းခွင်လှည့်၍ အကျွန်းကျွန်းကိုအောင်မြင်သော ကြက်ရိုးနှင့် ကြိုက်သည်။

စာရေး ကောက်ရာမှာလည်း 'ဖောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူသည်။' စာရေးကောက်သည်နှင့် ကြိုက်သည်။

နတ်ဆို နားထောင်ရာမှာလည်း 'ဗုဒ္ဓဟူးသား၊ စနေသားကို ဆောင်လေအောင်၏။' ဟူ၍ နတ်ဆိုသည်။ နတ်စစ်ချသောစကားနှင့်လည်း ကြိုက်သည်။

သိုက်စာနာရာမှာလည်း

တစ်ဆင်တစ်ဆန်း၊ နေဆန်းနေကာ၊ ကပ်လှာရွှေနန်း၊ ဖမွေးမြန်း၍၊ ရွှန်းရွှန်းပေါ်မည်၊ မြင်တော့မည်လေ မြင်တော့မည်။

'မွန်မင်းနှင့် ရှမ်းမင်း စီရင်၊ နောင်တော်ရှင်ကို နန်းတင်။' ဟူ၍ ဆိုသော သိုက်စာနှင့် ကြိုက်သည်။

ဤသို့ စနည်း၊ နိမိတ်၊ တဘောင်များကို ကြားတော်မူသော်

''သာသနာ ၅၀၀၀ စောင့်သောနတ် ချီပင့်၍ ဆိုရသည်။ ငါ၏ နိမိတ်မှန်၏။''-ဟူ၍ ဖတ်တော်မူပြီးမှ ဆင်လုံးမြင်းရင်း ဖြဖြစီရင်တော်မူ၍ ကေတုမတီမှ ဟံသာဝတီသို့ ချီတော်မူလေ၏။

ရေကြောင်းလည်း ရဲလှေ၊ ဝှော်ကား၊ သံလှေ၊ မိကျောင်းလှေ စသော လှေကြီးများနှင့် မြစ်ကြောင်းပိတ်မျှ များစွာစီရင်၍ ညီတော်ပြည် မင်းနှင့်တကွ အမှူးအမတ်များစွာနှင့် ပြည်မြို့မှ ဒလသို့ ချီစေလေ၏။

ဘဝရှင်မင်းတရားကြီးလည်း များစွာသောအမှူးအမတ်များနှင့်တကွ စစ်သည်ဗိုလ်ပါအပေါင်း ခြံရံလျက် ကေတုမတီမြို့မှသည် ဟံသာဝတီသို့ ချီတော်မူလေသော်၊ ခပေါင်းတောင်ဘက်၌ 'ရန်လုံးအောင်ထင်' ဟူသော တပ်တော်တွင် စခန်းချတော်မူလေ၏။

တောင်ငူမှသည် ဟံသာဝတီကျေး ရတနာအောင်ကို ၁၁ စခန်း ချီတော်မူလေ၏။ ၁၁ စခန်းလုံးကိုလည်း အမည်ချည်း သမုတ်တော်မူ၏။


mgyoe.com

mgyoe.com SAMPLE BOOK


ထိုအခါတွင် သီရိဇေယျနော်ရထာလျှောက်သည်ကား

''သမိန္ဓော[၁]သည် ဆင်လုံးမြင်းရင်း လူသူဗိုလ်ပါလည်း များလှသည်။ အကျွန်ုပ်တို့မြန်မာမူကား နည်းချေသည် ဖြစ်သောကြောင့်၊ 'ရတနာအောင်တပ်' ဟူသော ကောလိယတပ်တော်တွင် တပ်မ နေတော်မူပြီးမှ၊ ရှေ့တပ်၊ နောက်တပ်ကို စူးစမ်း၍ချီလေစေဦးသော် သင့်မည် ထင်သည်။''-ဟူ၍ နားတော်လျှောက်သော်၊

''မင်းစကားသည် သင့်လှ၏။''ဟူ၍ မိန့်တော်မူပြီးမှ စီရင်တော်မူသည်ကား

နော်ရထာကို တပ်မင်း၊ လကျ်ာရာဇသူကို စစ်ကဲထည့်၍ အလျင်ချီလေစေသော်၊ မောကစနုချောင်း တောင်ဘက်အကူးတွင် 'ရာမညမင်းဖြစ်သော သမိန္ဓော ကြိုလှာပြီ။'-ဟူ၍ ကြားတော်မူလျှင်၊ စစ်အင်္ဂါ ၄ ပါး ဆင်တော်မူ၍ ရှိသရွေ့သောဆင်လုံးမြင်းရင်းတို့ကို စီရင်တော်မူသည်။

ထိုအခါတွင် ကုန်းလယ်စီးခန့်တော်မူသော စတုရင်္ဂသူ လျှောက်သည်ကား

''ယခု စစ်မပြိုင်ခင်တွင် လက်ယာ၊လက်ဝဲစီရင်၍၊ ဟံသာဝတီသို့ ဝင်လေစေ၍ အိမ်ရာများကို မီးထင်းတိုက်လေစေသော် သင့်မည် ထင်သည်။ ယင်းသို့မှ အိမ်ရာတို့ကို မီးထင်းလောင်လေမှ စစ်မျက်နှာကွက်၍ စစ်သည်တို့ ညှိုးနွမ်းလျှင်၊ အိမ်ရာတို့ကိုဝင်၍ စစ်ကြီး အလိုလိုပျက်လိမ့်မည်။''-ဟူ၍ လျှောက်သော်၊

ဘဝရှင်မင်းတရားကြီးလည်း ''သည်အရေးသည် ဟုတ်လှ၏။''ဟု မိန့်တော်မူပြီးမှ လကျ်ာရဲတိုင်ကို လက်ယာမြင်း ၁၀၀ နှင့် လက်ယာကြောင်းက ဝင်၍ အိမ်ရာများကို မီးတိုက်စေ၏။

ထိုသို့ပြီးမှ အရှင်ဘဝရှင်မင်းတရားကြီးသည် 'ဥပေါသထ'ဟူသော ဆင်တော်ကို စီးတော်မူ၍၊ များလှစွာသော စစ်သည်ဗိုလ်ပါနှင့် ဆင်လုံးမြင်းရင်း စီရင်တော်မူ၍ တိုက်ပွဲသို့ လွှတ်တော်မူ၏။

ညီတော်အလတ် မုတ္တမမင်းကြီးကိုလည်း ရွှေကြိုးရွှေက ခတ်၍၊ 'ဝေဒနာဂ' ဟူသောဆင်နှင့် ရွှေစည်၊ရွှေမောင်းချည်း တီးစေ၍၊ ညီတော်စစ်သည်ဟူသရွေ့ ရွှေလွှား၊ ရွှေကာချည်း ရံစေ၍ တိုက်ပွဲသို့ ထွက်စေ၏။

---

၁။ 'သမိန်ထော'၊ 'သမိန်ဓော'

mgyoe.com

mgyoe.com
SAMPLE BOOK


ထိုအခါတွင် 'သမိန္တော'ဟူသော ရာမညမင်းသည်လည်း 'ချစ်ခြင်း' ဟူသောဆင်ကို စီး၍၊ များစွာသောစစ်သည်ဗိုလ်ပါ အသရေ်တပ်နှင့် ကြို၍ တိုက်လာ၏။

ညီတော် မုတ္တမမင်းကြီးကို ဘဝရှင်မင်းတရားကြီးမှတ်၍ တိုက်လေ၏။

'ဥပေါသထ' ဟူသော ဆင်တော်ကိုမြင်မှ ဘဝရှင်မင်းတရားကြီးနှင့် 'သမန္တော'ဟူသော ရာမညမင်းနှင့် စီးချင်းတွေ့ကြလေ၏။

ဘဝရှင်မင်းကြီးလည်း တိုက်တော်မမူခင် ရေတွင် ရွှေခရားနှင့် "သာသနာတော်၏အစီးအပွား၊ ပြည်သူလူ့ရဟန်းတို့၏ အစီးအပွားကို ဆောင်နိုင်သည့် မင်းဧကရာဇ်ဖြစ်သော် စီးချင်းနိုင်စေသော။" ဟူ၍ မိဋ္ဌာန်တော်မူပြီးမှ ရေစက်သွန်းတော်မူလျှင်၊ အခါမဟုတ်ဘဲ မိုးလည်း အုံ့၏။ လျှပ်စစ်လည်း ပြက်၏။ ကောင်းကင်က ကျီးငှက်၊ ဆက်ရက်တို့သည်လည်း တသဲသဲ ကြော်ငြာ၍ လိုက်ကုန်၏။

ထိုအခါတွင် မင်း ၂ ပါး တွေ့ကြလေ၏။ ချွန်းဖွင့်၍ လွှတ်တော်မူလျှင် ဥပေါသထဆင်မြတ်စွာလည်း တစ်တောင်တစ်ထွာ လက်ယာစွယ် ကျိုးချေ၏။ 'သမိန္တော'ဟူသော ရာမညမင်းဆင် ချစ်ခြင်းကို ကော်၍ ပစ်လျှင်၊ နံတောင်းရ၍၊ ဟောင်ဟောင်မြည်၍ ပြေးလေ၏။ ခဏချင်းတွင်ပင် 'သမိန္တော' ဟူသောမင်းသည် ဆင်နှင့် ပြေးလေလျှင်၊ စစ်ကြီး ပျက်လေ၍ ခဏချင်း အောင်တော်မူလေ၏။

* * *

ထိုအခါတွင် သီရိဇေယျနော်ရထာအရေးကို နာတော်မူခြင်းသည်ကား-

စကြဝတေးမန္တက်မင်းသည် သားကြီးရတနာစကားကို နာ၍ သိကြားမင်း၏စည်းစိမ်ကို ပိုင်ဖူးလေသောပုံစံကို လည်းကောင်း။

ဗာဟိရကျမ်းဝယ် မဟာဗိသနိုးနတ်မင်းသည် နရမိတ်လှစကားကို နာ၍ ကမ္ဘာအခြင့် ကိုးကွယ်ရာ ဖြစ်ဖူးလေသော ပုံစံကို လည်းကောင်း။


mgyoe.com

mgyoe.com SAMPLE BOOK


ယမန်တွင် နော်ရထာမင်းစောသည် အမတ်ကြီးစကားကို နာ၍ သိန်းယို ကျွန်းတိုင်အောင် ပိုင်ဖူးလေသော ပုံစံကို လည်းကောင်း နှလုံးသွင်းတော်မူ၍၊

"သီရိဓမ္မယျနော်ရထာအရေးကို နာတော်မူခြင်းသည် အလွန်ဖြစ်ခဲ လှသည်။"-ဟူ၍၊ မော်ကွန်းစကားကို မိန့်တော်မူ၍၊ ကြီးလှစွာသော အဆောင် အယောင်တို့ကိုလည်း ပေးတော်မူ၏။ အမည်လည်း 'ဘုရင်နောင်တော်' ပေးတော်မူ၍ ခံရ၏။ မယားဖြစ်သော ကတော်[၁]ကိုလည်း ရွှေချက်နှင့် ကနား၊ ဝေါပလာ၊ ရွှေဆောင်နှင့်တကွ ပေးတော်မူ၏။

ဤလည်း သီရိဓမ္မယျနော်ရထာအရေးနှင့် ဘဝရှင်မင်းတရားကြီး အရေးတော်နှင့် ညီလှသောကြောင့် 'သမိန္ဒော'ဟူသော ရာမညမင်းကို အောင်တော်မူသော ပွဲတော်ဦးပုံ တစ်ပုံ။

---

၁။ 'သီရိဓမ္မယနော်ရထာကတော်'၊ 'သီရိဓမ္မယနော်ရထာမယား'-ဟု(သူ)။-စိစစ်ခင်းကျင်းသူ

mgyoe.com

၇- သမိန္ဒော့ရာမသည် ပုသိမ်, မြောင်းမြသို့ ပြေးသည်ကို လိုက်ခြင်း အရေးပုံ

ထိုသို့ 'သမိန္ဒော့'ဟူသော ရာမညမင်းကို စီးချင်းတိုက်၍ အောင်တော်မူပြီးလျှင်၊ သမိန္ဒော့သည် 'မြို့သို့ဝင်၍ ခံမည်။'-စီရင်သော် ဟံသာဝတီမြို့တွင်းမြို့ပြင် အိမ်ရာများကို မီးထင်းလောင်၍၊ အိမ်မှထွက်၍ ပြေးလေကုန်၏။

လက်ျာရဲတိုင်နှင့် လက်ဝဲရန္တသူနှင့် မြင်း ၂၀၀ သားတို့သည် အထွက်ကိုဆို့၍ ထိုးခုတ်သတ်လေ၏။ အိမ်နေမွန်များ ထိတ်လန့်၍ ပြေးလေကုန်လျှင်၊ ရာမညမင်းဖြစ်သော သမိန္ဒော့နှင့် သမိန္ဒော့စစ်သည် ဟူသမျှသည်လည်း အိမ်သို့မဝင်ဘဲ ပြေးလေကုန်၏။

ထိုမြင်းသည်တော်တို့ကိုလည်း 'လက်ျာမီးတိုက် မြင်းသည်, လက်ဝဲမီးတိုက်မြင်းသည်'-ဟူ၍ ယခုတိုင်အောင် တွင်၏။

ထိုသို့ ရာမညမင်းဖြစ်သော သမိန္ဒော့မင်းသည် ကြို၍တိုက်လာသောအရပ်ကို 'ပဇာ'ဟူ၍ ယခုတိုင်အောင် တွင်၏။

မင်း ၂ ပါးသည် ရင်ဆိုင်တွေ့ကြသောအရပ်ကိုလည်း ခေါ်ရင်း 'သကော်ရွာ'[၁] ဟူ၍ ဆိုသည်ကိုလည်း ယခုတိုင်အောင် 'သကော်' ဟူ၍ တွင်၏။

ထိုသို့ ရာမညမင်း သမိန္ဒော့ပြေးလေလျှင်၊ ငထွေရှုးနှင့် ငလုံးလက်ဖယ်သည် ဘဝရှင်မင်းတရားကြီးသို့ အပြင်းလာ၍၊ ''သမိန္ဒော့ ပြေးလေပြီ။ တက်တော်မူတော့။''-ဟူ၍ နားတော်လျှောက်လာကုန်၏။

---

၁။ 'ဆေးရင် သကောလာ' - အရေးတော်ပုံ ၆ စောင်တွဲ။

mgyoe.com

ဘဝရှင်မင်းတရားကြီးလည်း အသူရာစစ်သည်(ဂ့ိ သိကြားမင်း နိုင်၍ နတ်များအပေါင်းခြံရံလျက် မြင်းမိုရ်တောင်ကို လက်ယာရစ်လှည့်၍ တင့်တယ်စွာ တက်လေသကဲ့သို့ ဟံသာဝတီရွှေမြို့တော်သို့ ဝင်တော်မူလေ၏။

* * *

ဤ၌လည်း စတုရင်္ဂသူ့အရေးကို လိုက်တော်မူခြင်းသည်ကား

ဇနသေဋ္ဌမင်းသည် အမတ်ကြီးစကားကို နာ၍ ၂ ပြည်လုံးကို အောင်တော်မူဖူးလေသောပုံစံကို လည်းကောင်း။

ဗာဟီရကျွမ်းဝယ် သူရစက္ကပုဏ္ဏားသည် မာတရပုဏ္ဏား၏စကားကို နာ၍ ပုဏ္ဏားပြည်များကို အောင်ဖူးလေသောပုံစံကို လည်းကောင်း။

ယမန်တွင် ပင်းယတစ်စီးရှင်သည် သက်တော်ရှည်စကားကို နာ၍ ရှမ်းပြည် ၂ ပြည်ထောင်လုံးကို အောင်မြင်ဖူးလေသောပုံစံကို လည်းကောင်း နှလုံးသွင်းတော်မူ၍၊

''စတုရင်္ဂသူအရေးစကားကို နာတော်မူခြင်းသည် အလွန်ဖြစ်ခဲလှ၏။''-ဟူ၍ ဉဒါန်းမော်ကွန်းစကားကို မိန့်တော်မူ၍ ကြီးစွာသောဆုကို ပေးတော်မူ၏။

''မင်းမတ်သည် ငါ့အသက်ကို ကြံငြားသော်လည်း မင်းကို ငါ အပြစ်မပေး။ လွှတ်၏။''-ဟူ၍ မိန့်တော်မူ၏။

ဤလည်း စတုရင်္ဂသူ့အရေးနှင့် ဘဝရှင်မင်းတရားကြီး အရေးတော်သည် ညီလှသောကြောင့် ရှာပြည်များကို စီးထင်းတိုက်၍ သမိန္တောဖြူသို့ မဝင့်ဝံ့တဲ့ ပုသိမ်, မြောင်းမြသို့ ပြေးပုံလေသော အရေးတစ်ပုံ။


mgyoe.com

## ၈– သမိန္ဒောရာမကိုလိုက်၍ အောင်ခြင်း အရေးပုံ

ထိုသို့ပြီးမှ ဘဝရှင်မင်းတရားကြီးသည် ဟံသာဝတီရွှေမြို့တော်သို့ ဝင်တော်မူလျှင်၊ မွန်ဒေါဗညားများအပေါင်းသည် ခြေရင်းတော်သို့ချည်း ဝင်စား၍ ရောက်လာကုန်၏။ ခရီးကောက်ကစင်း ဆင်,မြင်းကျ၍ ကြွင်းကျန် သရွှေများကိုလည်း ရသည့်သူ ဟူသမျှသည် လက်ဆောင်တော်ချည်း ဆက်လာရကုန်၏။

အရှေ့ဘက် ၃၃ မြို့ကို စားသည့်သူများလည်း သားသမီး, ဆင်ကြီး, မြင်းကြီးများနှင့် လက်ဆောင်တော်ပြု၍ ဝင်စားလာကုန်၏။

ထိုအခါတွင် လက်ျာရဲတိုင် လျှောက်သည်ကား

"စစ်စလည်း လုပြီးသည်။ စစ်တို့သဘောသည် အစကောင်းက ၁ဝစ ကောင်းသည်။[၁] ပြည်ကချိလေသော လှေကြောင်းသားများလည်း ငံ့နှင့်လိမ့်မည်။ ယင်းသို့ဖြစ်သောကြောင့် ဆင်,မြင်းအများနှင့် ထပ်၍ လိုက်တော်မူသော် သင့်မည် ထင်သည်။"–ဟု လျှောက်၏။

"သည်အရေးသည် ဟုတ်လှ၏။ ဆင်ကောင်း, မြင်းကောင်းလည်း ပါလေသည်။"ဟူ၍၊ ဘဝရှင်မင်းတရားကြီးသည် ညီတော်နှင့် တာနောကို မြို့စောင့် ထားတော်မူခဲ့၍ ရေပါ, ကြည်းပါ ဆင်လုံးမြင်းရင်းနှင့် စစ်သည်ဗိုလ်ပါ အပေါင်းခြံရံ၍ အပြင်းလိုက်တော်မူလေ၏။

သရေခေတ္တရာမြို့က ဒလမြို့မှာ ကြို၍တိုက်နှင့်လေသော လှေများ ကိုလည်း သမိန္ဒောတိုက်ဖောက်၍ ပျက်စီးချေ၏။ ချောင်းကြိုချောင်းကြား ပုသိမ်တိုင်အောင် ပြေးလေ၏။ ဘဝရှင်မင်းတရားကြီးသည် ပုသိမ်တိုင်အောင်ပင် လိုက်တော်မူ၏။

---

၁။ 'စစ်စလည်း ယခုကောင်းလှသည်။ စစ်တို့ သဘောသည် အစကောင်းက ဆက်လက်ကောင်းတတ်သည်။' – အရေးတော်ပုံ ၆ စောင်တွဲ။

mgyoe.com

.mgyoe.com SAMPLE BOOK


ပုသိမ်ကိုစားသော ဗညားလောလည်း ဆင်ချော, မြင်းချော အများ ဆက်၍[၁] ဝင်စားလာ၏။ ထိုဗညားလောကိုလည်း သစ္စာတော်ကိုတိုက်၍ ဆုကြီး လာဘ်ကြီးပေးပြီးမှ၊ စစ်သည်တော်ထည့်၍ ဆင်ချော, မြင်းချောများကို ရှာလေစေ၏။

ဗညားလောလည်း သမုဒ္ဒရာမှာထားလေသော ဆင်ချော,မြင်းချော များကို ရှာစေ၏။ ၇၀၀ ကျော်လောက် ရခဲ့၏။ လက်ဆောင်တော် ဆက်လာ ရ၏။

အနောက်တစ်လွှား မြို့ကြီးများကိုစားသော 'ဗညား' ဟူသမျှသည်လည်း ဆင်ကြီး,မြင်းကြီးများကို လက်ဆောင်တော်ပြု၍ချည်း ဝင်စားလာကုန်၏။

ထိုအခါ ပုသိမ်, မြောင်းမြ, သရိုင်, သရာ စသော မြို့ကြီးများကိုလည်း ကျွန်တော်ရင်းများကို မြို့စားချည်း ထည့်တော်မူ၏။

ပုသိမ်မြို့တွင် အလှူကြီး ပေးတော်မူ၏။

ပုသိမ်ဆံတော်ရှင်ကိုလည်း ထီး,ချရားသီးမှသည် မြေတိုင်အောင် ရွှေမျက်ပါး ချတော်မူ၏။ တဲတော်ကိုလည်း ဝတ္ထုကံမိုးမြေနှင့်တကွ ကျောင်း တင်တော်မူခဲ့၏။

ဟံသာဝတီရွှေမြို့တော်သို့ ပြန်တော်မူခဲ့၏။

* * *

ဤလည်း လက်ျာရဲတိုင်စကားကို နာတော်မူခြင်းကား

ဗာရာဏသီမင်းသည် စစ်သူကြီးများ စကားကို နာ၍ မြို့ကြီးများကို နိုင်ဖူးလေသော ပုံစံကို လည်းကောင်း၊

ဗာဟီရကျမ်းဝယ် အသူရဝံသပုဏ္ဏားစကားကို နာ၍ ရန်သူကို အောင်မြင်ဖူးလေသော ပုံစံကို လည်းကောင်း၊

ယမန်တွင် မင်းရဲရန်နောင်သည် စုက္ကတေးစကားကို နာ၍ ၁၀၀၀ မျှလောက်သော စစ်သည်နှင့် ဇမ္ဗူလုံးကို အောင်မြင်ဖူးလေသော ပုံစံတို့ကို လည်းကောင်း နှလုံးသွင်းတော်မူ၍၊

---

၁။ 'ဆင်ကျော်မြင်းကျော် ၅၀ လောက်နှင့် လက်ဆောင်တော်ဆက်၍'-ဒေါက်တာတိုးလှမှ

mgyoe.com

mgyoe.com SAMPLE BOOK


"လက်ျာရဲတိုင်စကားသည် အလွန် ဖြစ်ခဲလှသည်။"-ဟူ၍ ကြီးလှစွာသော မော်ကွန်းစကားကိုလည်း မိန့်တော်မူ၏။ ကြီးစွာသောဆုကိုလည်းကောင်း ပေးတော်မူ၏။

ဤကား လက်ျာရဲတိုင်အရေးနှင့် ဘဝရှင်မင်းတရားကြီး အရေးတော်သည် ညီ၍၊ သမုဒ္ဒရာနားမှာထားလေသော ဆင်ချော,မြင်းချောများကို ရခဲ့၍ 'အရေး'ဟူသမျှသည် ကုန်လေသော ပွဲတော်ပုံ တစ်ပုံ။


mgyoe.com

mgyoe.com SAMPLE BOOK


## ၉- အင်းဝကို အောင်မြင်တော်မူသော အရေးပုံ

ထိုမှ ဟံသာဝတီရွှေမြို့တော်သို့ ပြန်တော်မူ၍ ရွှေနန်းတော်သို့ ရောက်တော်မူပြီးမှ များမမြင့်မီလျှင်၊ ဟူးရားတတ်သော ဒေဝရာဇာကျော် နှင့် ပုဏ္ဏားကျော်တို့သည် ''သည်အခါအလိုသော် ရန်သူတော် သည်လ တွင်းတွင်ပင် မည်သည့်နေ့ရက်ဝယ် ရောက်လာမည်။''ဟူ၍ လျှောက်ကြ ကုန်၏။

လျှောက်သည်အတိုင်းပင်လည်း 'ရာမညမင်းဖြစ်သော သမိန္ဓောကို မိပြီ။'-ဟု ဆက်လာရ၏။

ထိုဟူးရားတတ်တို့ကိုလည်း 'မှန်လှပေသည်။'ဟူ၍ ဆင်မ ၁ စီးစီ ပေးတော်မူ၏။ ရွှေကိုလည်း ပုံပြု၍၊ ဟူးရားတတ်တို့ကို ကျုံးနိုင်သရွေ့၊ ထမ်းနိုင်သရွေ့ ရွှေတော်ဝယ် ထမ်း၍ယူစေ၏။

သားတော်အိမ်ရှေ့မင်းမှစ၍ မှူးတကာမတ်တကာတို့ကိုလည်း ပေးသည့်ဆုကား အလွန်များစွာ၏။ မရေတွက်နိုင်တည်း။

ရာမညမင်းသမိန္ဓောကိုရလျှင် ဟံသာဝတီမှစ၍ မွန်ပြည်ဟူသမျှ သည် ရန်မရှိဘဲ တရေတပြင်တည်း ရှိလေ၏။

ဘဝရှင်မင်းတရားကြီးလည်း အရှေ့ ယိုးဒယားစပ် ရေးမြို့၊ စာကရ မြို့-ထိုမြို့များကိုလည်း ဆင်လုံးမြင်းရင်းအများနှင့် ကျေးစားအခိုင်ထည့်၍ နေလေစေ၏။

ဇင်းမယ်ကြောင်းကို ယင်အုံနှင့် ရတနာပူရမှာ ဆင်လုံးမြင်းရင်းနှင့် တကွ အခိုင်ထည့်၍ နေရလေ၏။


mgyoe.com

ကျုန်မြို့နယ်မြို့မှာလည်း ဆင်လုံးမြင်းရင်းအများနှင့်တကွ နေရလေစေ၏။

တောင်ငူမြို့မြောက်လည်း အင်းဝကျေးစပ်မတိုင်မချင်း ပေါက်တောကင်း, ငစိန်တင်ကင်း, မွန်ကင်း, ရွှေမြို့ကင်းမှ စသော ၁၁ ကင်း ထားတော်မူ၏။

ရခိုင်ကျေးစပ်တို့ကိုလည်း ကင်းသားထား၍ နေရလေစေ၏။

စလင်းမှာလည်း မင်းကျော်ထင်နှင့် စကုစား ရာဇသင်္ကြံတို့ကို ဆင်လုံးမြင်းရင်းနှင့် နေရလေ၏။

သာသနာတော်၏စီးပွား၊ ပြည်သူလူ,ရဟန်းတို့၏ အစီးအပွားအလို့ငှာ တောင်း, တင်း, တုံ, ပြည်ခွဲ, မူး, ပဲ, ချိန်, ကျပ် စသည်တို့ကိုလည်း မှန်စွာစီရင်၍၊ ဟင်္သာရုပ်ချည်း သွန်းစေ၍ ထားတော်မူ၏။

နေ့,ညဥ့် ပဟိုရ် တီးစရာကိုလည်း စီရင်တော်မူ၍၊ ခေါင်းလောင်းကြီး သွန်းတော်မူ၍ ထားတော်မူ၏။

'ပြည်သူ လူ,ရဟန်းတို့ တရားမရ လျှောက်ပါရသည်တို့ကိုလည်း ဝင်၍ တီးပါစေ။'-ဟူ၍ အမိန့်တော်နှင့်တကွ ခေါင်းလောင်းကြီး ထားတော်မူ၏။

ဒဂုံဆံတော်ရှင်မြတ်စွာဘုရားကို ထီး,ချရားသီးတော်မှ မြေတိုင်အောင် ရွှေထည့်တော်မူ၏။

ဟံသာဝတီမြို့အလယ်တွင် မော်ဓောမြတ်စွာဘုရားကိုလည်း ထပ်၍ ပြီးအောင်လုပ်တော်မူပြီးမှ၊ ထီး,ချရားသီးမှသည် မြေတိုင်အောင် ရွှေအပြည့် ထည့်တော်မူ၏။

သက်တော်စေ့လည်း ပဉ္စင်း ခံတော်မူ၏။

ပုထိုး, ဘုရား, ဂူ, ကျောင်း ပျက်လေသည်များကိုလည်း စီရင်၍ လုပ်တော်မူ၏။

ဤသို့ ကုသိုလ်ကောင်းမှုတို့ကို စီရင်တော်မူပြီးမှ သက္ကရာဇ် ၉၁၅ ခု[၁]တွင် ဘဝရှင်မင်းတရားကြီးသည် မွန်, မြန်မာ, ရှမ်း ဒေါဗညားအပေါင်း မှူးကြီးမတ်ကြီးများနှင့် ပြည်ထဲအရေးကို တိုင်ပင်တော်မူသည်ရှိသော်

---

၁။ ခရစ်နှစ် ၁၅၅၃

mgyoe.com

mgyoe.com SAMPLE BOOK

တချို့လည်း ''ယင်အုံ, ရတနာပူရမြို့သို့ ဇင်းမယ်က ထိပါးသည်။-ဟူ၍ ဆိုသည်ဖြစ်သောကြောင့်၊ ဇင်းမယ်မြို့သို့ အလျင်ချီတော်မူသော် သင့်မည်။''-ဟု လျှောက်ကြသည်။

တချို့လည်း ''ယိုးဒယားသို့ ချီတော်မူသော် သင့်မည်ထင်သည်။''-ဟူ၍ လျှောက်ကြသည်။

ထိုအခါတွင် နော်ရထာလျှောက်သည်ကား

''ရှမ်းပြည်ကို ရှိနှင့်စေဦး။ မြန်မာကိုသာ များအောင် ဆည်းပူးရချိမ့်မည်။ ထိုသို့ဖြစ်သောကြောင့် တို့မြန်မာပြည် အင်းဝသည် ရွှေနန်းတည်ရာ ဖြစ်သည်။ မှူးခိုင်မတ်ခိုင်လည်း များလှသောအကြောင်းကို ရှမ်းတို့ ပင့်မြှောက်လေ၍ ဆင်ကောင်း, မြင်းကောင်းလည်း များလှသေးသည်။ အကြာမလို ပြည်ကျေး, တောင်ငူကျေးလက်သည် ယခု အင်းဝနှင့် အယှက်ယှက် မလုပ်မဆောင်သာ ရှိခဲ့သည်။ ယင်းသို့ဖြစ်သောကြောင့် အင်းဝပြည်ကြီးသို့ ချီတော်မူသော် သင့်မည် ထင်သည်။''ဟူ၍ လျှောက်သည်။

ဘဝရှင်မင်းတရားကြီးလည်း အလွန်ဝမ်းမြောက်တော်မူသည်။

''ငါ ကြံတော်မူသောအကြံနှင့် ညီလှသည်။''ဟူ၍ နတ်တကာတို့ကို တိုင်တည်မူပြီး၍ ဒေဝရာဇာအကျော်နှင့် ပုဏ္ဏားကျော်တို့ကို ကိန်းခန်းတာရာ တွက်ချက်စေသော်

* * *

ယမန် သာလွန်မင်းတရား ယိုးဒယားသို့ချီတော်မူ၍ အောင်မြင်သည် စန်း, လဂ်, ဂြိုဟ်နေဂြိုဟ်ထိုင်နှင့် အခါ တစ်ချက်တည်း ကြုံကြိုက်သည်။

နိမိတ် နားထောင်၍ ကြည့်ရှုရာမှာလည်း၊ ရေကြက် ဝမ်းဘဲတစ်ခုသည် တင်ကျီးငှက်ကို ရေတွင်လိုက်၍ ချီသောနိမိတ်ကို မြင်သည်။

တဘောင် နာရာမှာလည်း တံငါကြီးတစ်ယောက်သည် 'နက်ဖြန် လှေတက်ပြည့်အောင် တင်ချိမ့်မည်။ ယူမည့်သူသာ ယူတော့။'-ဟူ၍ စနည်းကို ကြားခဲ့သည်။


mgyoe.com

ကြက်ရိုးထိုးရာမှာလည်း စော်ဘွားကြီးသိုချည်ဘွားသည် ရှမ်းပြည်အလုံးကို ချ၍၊ အင်းဝတိုင်အောင် ချီလာ၍ အောင်ဖူးလေသော ကြက်ရိုးနှင့် ကြိုက်သည်။

တံမျဉ်းချိုးရာမှာလည်း 'ရှေ့နောက်ရှင်၍ ဝန်နှင့်တကွသော' တံမျဉ်းနှင့် ကြိုက်သည်။

စာရေး ကောက်ရာမှာလည်း 'အောင်၏ ဘုရားရှင်၊ ရှုံးခြင်း အသူရာ' ဟူသော စာရေးနှင့် ကြိုက်သည်။

သိုက်စာ နာရာမှာလည်း

'တက်သစ်နေတူ၊ လက်ရုံးထူ၍၊

ဇမ္ဗူဝန်းလည်၊

ယူတော့မည်လေ သွေးသောက်ချင်းတို့။

ခက်ရင်းပါစေ ကြိုးပါလေ။

စစ်ကိုင်း,ပင်းယ၊ အင်းဝအနောက်၊

မြစ်တစ်လျှောက်ကို ယူတော့မည်လေ။'-ဟူ၍ သူငယ်များ မြည်တမ်းသည့်, ကခုန်သည့်သိုက်စာနှင့် ကြိုက်သည်ရှိသော သိုက်စာကိုလည်း လျှောက်သည်။

ဤသို့ ကိန်းခန်း, တာရာ, နိမိတ်, စနည်း စသည်များကို ကြားတော်မူလျှင် အလွန်ဝမ်းမြောက်တော်မူ၍၊

''ငါ့တိတ် ငါ့နိမိတ်ပေသာတည်း။'-ဟူ၍ မိန့်တော်မူပြီးမှ၊ သိကြားနတ်မင်းကို တိုင်တည်၍

''ငါသည် ဘုရားဆုကို ဖြည့်၍ သာသနာတော်ကို ချီပင့်နိုင်သော မင်းဧကရာဇ်ဖြစ်မှုကား ငါဆောင်တိုင်း အောင်တော်မူသည် ဖြစ်စေ။''-ဟူ၍၊ နတ်တကာတို့ကို တိုင်တည်၍ မိဋ္ဌာန်တော်မူ၏။

ထိုသို့ မိဋ္ဌာန်တော်မူပြီးမှ သားတော်အိမ်ရှေ့မင်းမှစ၍ ညီတော် တောင်ငူမင်းမှ စသော မွန်, မြန်မာ, ရှမ်း မှူးကြီးမတ်ကြီး ဒေါဗညားနှင့်တကွ ဆင်လုံးမြင်းရံနှင့် ဖြဖြစီရင်တော်မူသည်ကား


mgyoe.com

mgyoe.com SAMPLE BOOK


ညီတော်ပြည်မင်းနှင့်တကွ ပြည်တွင် တပ်ပေါင်း ၂၇မြို့ ထီးဆောင်းမင်းများနှင့် မွန်ဗညားများနှင့်တကွ များစွာသော သံလှေ၊ လှော်ကား၊ ကြော့လှေ၊ စပ်တင်၊ ပရာဉ၊ ရဲလှေ စသော များစွာသောလှေတက်များနှင့် ရေကြောင်းချီလေစေသည်။

သားတော် အိမ်ရှေ့မင်း ရှေ့တပ်၊ ညီတော် တောင်ငူမင်းကား အလယ်တပ်၊ ဘဝရှင်မင်းတရားကြီးကား နောက်တပ်မ ပြု၍ များစွာသော မွန်၊ မြန်မာ၊ ရှမ်း မှူးကြီးမတ်ကြီး ဒေါဗညားအပေါင်းနှင့် ကြည်းကြောင်းချီတော်မူသည်။

ထိုသို့ စစ်အင်္ဂါ ၄ပါး ခြံရံ၍ မြေပြင်ပိတ်မျှ သံပခင်းကျင်း၍[၁] ဟံသာဝတီရာဇဓာနီပြည်တော်မှသည် 'ပြည်လုံးထိပ်နင်း'ဟူသော တပ်တော်တွင် ချတော်မူသည်။ ထိုမှသည် တောင်ငူမြို့တိုင်အောင်ကို ၁၀ စခန်း ချီတော်မူသည်။

ထိုတောင်ငူမြို့မှသည် ငရေကြည်တွင် ချတော်မူသည်။ ထိုငရေကြည်ကသည် ၂၉ စခန်းလျှင် အင်းဝကျေးလက်ဖြစ်သော ရန်အောင်မြို့သစ်သို့ ရောက်တော်မူသည်။

ထို 'ရန်အောင်မြို့သစ်'ဟူသော တပ်တော်တွင် နေတော်မူ၍ အရှေ့၊ အနောက်၊ တောင်၊ မြောက်ကိုလည်း ဗညားပရန်နှင့် မြန်မာအမတ်လည်း နန္ဒသူ၊ ဘယကျော်ထင်၊ နေမျိုးကျော်ထင်တို့ကို အကြီးပြုစေ၍ မြင်း ၅၀၀ နှင့် အင်းဝမြို့သို့တိုင်အောင် စမ်းလေ၏။

အင်းဝကို မင်းပြုသော နရပတိစည်သူသည် ဆင်၊ မြင်း အများနှင့် တိုက်မြင်း ၅၀၀ ကို 'တိုက်မည်'ဟု စီရင်စဉ်တွင် ရေကြောင်းက ညီတော် ပြည်မင်းတို့သည် မြစ်တွင်းပိတ်မျှ လှေတပ် ရောက်လာကုန်၏။

ထိုသို့ ရေကြောင်း၊ ကြည်းကြောင်း အသချေ်တပ် မရေတွက်နိုင်သော စစ်သည်တော်တို့သည် ဖြဖြရောက်လေ၍ အိမ်ရာများတို့ကို မီးထင်း ရွာတိုင်း တိုက်လေလျှင် လက်၊ခြေထူသမျှတို့ကိုလည်း တစ်ယောက်မကြွင်း သတ်လိုက်ရ၏။

၁။ 'စံပယ်ခင်းကျင်း၍' – အရေးတော်ပုံ ၆ စောင်တွဲ။

mgyoe.com

mgyoe.com SAMPLE BOOK



ထိုသို့သောအခါ အင်းဝပြည်ကြီးကို အစိုးရသော နရပတိစည်သူမင်းကြီးလည်း ဆင်, မြင်း, စစ်သည် ဗိုလ်ပါတို့ကို ဖြဖြစီရင်တော်မူ၏။ ထိုသို့စီရင်စဉ်တွင် ရေကြောင်းလည်း ရဲလှေ, လှော်ကား, သံလှေ,စပ်တင် စသော များလှစွာသောလှေတက်တို့သည် မြစ်တွင်ပတ်၍ ရောက်လာသည်နှင့်၊ ကြည်းကြောင်းကလည်း ဘဝရှင်မင်းတရားကြီးနှင့်တကွ များလှ စွာသော ဆင်ကြီး,မြင်းကြီးများနှင့် မရေတွက်နိုင်သည့် စစ်သည်ဗိုလ်ပါများနှင့် ရောက်လာသော်၊ 'အင်းဝစစ်သည်'ဟူသမျှသည် 'အသားကိုပင် စားလတ္တံ့။'သို့ ကြောက်ရွံ့ထိတ်လန့်ကုန်၏။

အင်းဝပြည်ကြီးကို မင်းပြုသော နရပတိစည်သူမင်းကြီးလည်း မိုးမိတ်, မိုးကောင်း, မိုးညှင်း-ထိုသို့သောရှမ်းပြည်များကို ချိပင့်၍ စစ်ကူ ခေါ်ရလေစေ၏။

ထိုသူတို့သည် မရောက်ခင် ဘဝရှင်မင်းတရားကြီး စစ်သည်တို့သည် ရေကြောင်း, ကြည်းကြောင်းကျပ်ကျပ် မြို့ပါးသို့ ချဉ်း၍ ပတ်ပတ်ရံလျက် မြို့ကို တူးဖြိုလေကုန်လျှင်၊ မင်းမှစ၍ ပြည်သူလူ,ရဟန်းတို့သည် မခံနိုင်ကုန်၍ အလွန်ကြောက်ရွံ့ခြင်းပြင်းလျက်၊ မြုံးတွင်း ငါးကဲ့သို့ဖြစ်၍ အောင်မြင်တော်မူ၏။

* * *

ထိုအခါတွင် နော်ရထာအရေးကို လိုက်တော်မူခြင်းသည်ကား

သီလဝမင်းကြီးသည် သေနကအမတ်၏စကားကိုနာ၍၊ တက္ကသိုလ်ပြည်နှင့်တကွသော ပြည်ကြီးတို့ကို အောင်မြင်တော်မူဖူးလေသောပုံစံကို လည်းကောင်း၊

ဗာဟီရကျမ်းဝယ် တြိစနန်မင်း[၁]သည် ဘိန္နသေနက[၂]စကားကို နာ၍၊ ပြည်ကြီးစည်းစိမ်များကို အောင်မြင်ဖူးလေသော ပုံစံတို့ကို လည်းကောင်း။

ယမန် တစ်စီးရှင်သည် သီဟပတေ့စကားကို နာ၍ ရခိုင် စသော သက်, မြုံများကို အောင်မြင်တော်မူဖူးလေသောပုံစံတို့ကို လည်းကောင်း နှလုံးသွင်းတော်မူ၍၊

---

၁။ 'တရိယောဇနံမင်း' - အရေးတော်ပုံ ၆ စောင်တွဲ။

၂။ ဘိမသေန - အရေးတော်ပုံ ၆ စောင်တွဲ။

mgyoe.com

mgyoe.com SAMPLE BOOK


"နော်ရထာအရေးသည် အလွန်ဖြစ်ခဲလှသည်။" ဟူ၍ ကြီးလှစွာသော မော်ကွန်းစကားကို မိန့်တော်မူ၏။ ကြီးလှစွာသော မှူးကြီးမတ်ကြီးတို့၏ အဆောင်အယောင်တို့ကိုလည်း ပေးတော်မူ၏။

ဤ 'နော်ရထာ' ဟူသော သေနာပတိအရေးနှင့် ဘဝရှင်မင်းတရားကြီးအရေးတော်နှင့် ညီလှသောကြောင့် 'ရတနာပူရ အင်းဝ' ဟူသောပြည်ကြီးကို အောင်တော်မူသောအရေးပုံ တစ်ပုံ။


mgyoe.com

mgyoe.com SAMPLE BOOK


## ၁၀- ဗန်းမော်၊ ရှမ်းပြည် ကျေးလက်ကို အောင်တော်မူခြင်း အရေးပုံ

ထို သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်း- ၂ တိုင်းတို့၏ အတုတ်အခွန် ဆက်ရာဖြစ်သော 'ရတနပူရ အင်းဝ' ဟူသောပြည်ကြီးကို အောင်တော်မူပြီးလျှင်၊ ထိုတွင်ရှိသော မှူးကြီးမတ်ကြီးစသော ကျေးစားသင်းမှူးများတို့ကို 'မင်းတရားကြီး သစ္စာတော်'-ဟူသော ကျမ်းကို 'သားတော်အစဉ် မြေးတော်အဆက် မဖောက်မပြန်'-ဟူ၍ သစ္စာတော်ကို တိုက်၏။ ကျေးစည်းစိမ်စားသရွေ့လည်း စိစစ်၍ ပေးတော်မူပြန်၏။

အရှေ့၊ အနောက်၊ တောင်၊ မြောက်ဝယ် ပုန်းလေသောလူသူတို့ကိုလည်း ခေါ်ဝေါ်စုရုံးစေသော်၊ ပင်းယစား၊ အင်းဝစား၊ မြင်စိုင်းစား၊ စစ်ကိုင်းစား၊ ပုခန်းစား၊ ပဒုံစား၊ ကန္နီစား၊ မြေတူးစားတို့မှ စသော ၂၂ မြို့ကိုစားသော[၁] ထီး ၁ စင်းဆောင်းမြို့ကြီးများကိုစားသော လူသူဟူသမျှသည်လည်း ဆင်ကြီး၊ မြင်းကြီး၊ သမီးများကို လက်ဆောင်တော်ပြု၍၊ ''အကျွန်ုပ်တို့၏ အသက်ကို လှူစေချင်သည်။''-ဟူ၍ ကြောက်ရွံ့လျက် ရွှေဖဝါးတော်အောက်သို့ချည်း ရောက်လာ၏။

ထိုအခါတွင် 'မဟာသူရ'ဟူသောအမတ် လျှောက်သည်ကား ''ယခုလည်း ကောင်းတုံ၊ ကောင်းစဉ်၊ ငရှင်၊ ဗန်းမော်တိုင်အောင် စမ်းချေပါ မောသောခတ်၍ ပြန်ခဲ့မည်။ ချီရသော် သင့်မည် ထင်သည်။ အကျွန်ုပ် ရှေ့တည်၍ ချီမည်။''-ဟူ၍ နားတော်လျှောက်သော်၊

''သူရသတိ၊ စန္ဒိနတ်တို့ အိပ်မက်ပေးသည်နှင့် ညီလှ၏။''-ဟူ၍ မိန့်တော်မူပြီးမှ၊ သီရိဇေယနော်ရထာ တပ်မင်း၊ မဟာသူရကို စစ်ကဲ ပြုစေ၏။

များလှစွာသော စစ်သည်၊ ဆင်၊ မြင်း များလှစွာသော လှေတက်တို့ကို စီရင်တော်မူ၍ ရေကြောင်း၊ ကြည်းကြောင်း ချီလေစေ၏။

---

၁။ '၅၂ မြို့ကိုစားသော'-ဒေါက်တာတိုးလှ တည်းမူ။

mgyoe.com

mgyoe.com SAMPLE BOOK


ထိုသို့ ချီလေလျှင် ဘဝရှင်မင်းတရားကြီးစစ်သည်တော် အသချေ်ာ တပ်ရောက်လေ၍ စေဥ္ဇကူး၊ ထိကြည်၊ ကောင်းတုံ၊ ကောင်းစဉ်၊ ငရှင်၊ ဗန်းမော် စသော မြစ်တစ်လျှောက်သည်လည်း ကြီးစွာသော လက်ဆောင် လက်နက်၊ ဆင်ကြီး၊ မြင်းကြီး၊ သမီးတို့ကို ဆက်၍ ခြေတော်ရင်းသို့ချည်း ဖူးမြင်လှည့်ကုန်၏။ ထိုသို့ချည်း ဝင်စားလှာကုန်လျှင် အရေးဟူသမျှသည် ကုန်လေ၍ အောင်မြင်တော်မူ၏။

* * *

ထိုသို့သောအခါ မဟာသူရစကားကို ဘဝရှင်မင်းတရားကြီး နာတော် မူခြင်းသည်ကား

ကလမ္ဗုစကားကို[၁] နာ၍ အနော်ရထာမင်းစောသည် ၃၃ ပြည်သော ပြည်ကြီးများတို့ကို နိုင်ဖူးလေသောပုံစံကို လည်းကောင်း။

ဗာဟီရကျွမ်းဝယ် ရမ္မသီတာရသေ့သည် မိဂရသေ့စကားကို နာ၍ တော ၃၀၀၀ ဝယ် သားအပေါင်းတို့ကို နိုင်ဖူးလေသောပုံစံတို့ကို လည်းကောင်း။

ယမန်တွင် မင်းခေါင်လက်ထက် တရုတ်စစ်သည်ကို စည်းတပြစ် စကားကို နာ၍ မိုးနား၊ စန္ဒား၊ တရုတ်ပြည်တိုင်အောင် နိုင်ဖူးလေသောပုံစံ တို့ကို လည်းကောင်း နှလုံးသွင်းတော်မူ၍၊

"မဟာသူရစကားသည် အလွန် ဖြစ်ခဲလှသည်။"ဟူ၍၊ ကြီးလှစွာသော ဥဒါန်းမော်ကွန်းစကားကို မိန့်တော်မူပြီး၍ ကြီးလှစွာသောဆုကိုလည်း ပေးတော် မူ၏။

ဤလည်း မဟာသူရအရေးနှင့် ဘဝရှင်မင်းတရားကြီးအရေးတော်သည် ညီလှ သောကြောင့် ထိကြည်၊ပြတောင် စသော ကောင်းတုံ၊ ကောင်းစဉ်၊ ငရှင်၊ ဗန်းမော် တိုင်အောင် ရှမ်းပြည်ကျေးလက်အလုံးစုံကို အလိုပြည့်တော်မူသည်အရေးပုံ တစ်ပုံ။

---

၁။ 'ကလန်အမတ်စကားကို' - ဒေါက်တာတိုးလှ တည်းမူ။

mgyoe.com

 mgyoe.com SAMPLE BOOK 

## ၁၁- သီပေါ၊ မိုးမိတ်၊ ရှမ်းပြည်ကြီးများကို အောင်တော်မူခြင်း အရေးပုံ

ထိုသို့သည် ရေနှင့်မြေကို အစိုးရတော်မူသော ဘဝရှင်မင်းတရားကြီးသည် 'ရတနာပူရ အင်းဝ'ဟူသော ပြည်ကြီးသို့ ပြန်တော်မူ၍၊ ရှေး သာကီဝင်မင်းတို့သည် အမျိုးတစ်ပါး မယှက်ရအောင် အမျိုးချင်းသာ ပေးသကဲ့သို့ အလွန်တရာချစ်လှစွာသော သမီးတော်မြတ်ကို ညီတော်အငယ်နှင့် ထိမ်းမြားတော်မူ၍၊ မင်းမြောက်တန်ဆာ ၅ ပါးနှင့်တကွ 'အင်းဝ'ဟူသောပြည်ကြီးကို ပေးတော်မူ၍၊ ကြီးလှစွာသောဘိသိက် မြှောက်တော်မူ၍ ဆောင်နှင်းတော်မူ၏။

- ထိုပြည်ဝယ်ရှိသော ဘုရား၊ ပုထိုး၊ ဂူ၊ ကျောင်း ပျက်သည်များကိုလည်း ပြင်တော်မူ၏။
- 'ပုညစေတီမြတ်စွာဘုရားကိုလည်း ထီး၊ချရားသီးမှစ၍ မြေတိုင်အောင် ကွမ်းခွက်တော်နှင့် သင်းကျစ်တော်ကို မျက်ပါးခတ်၍ ရွှေပြည့် ထည့်တော်မူ၏။
- ကျောင်းကန် ပျက်သရွေ့များကိုလည်း အသစ်ချည်း ဆောက်တော်မူ၏။
- ပိဋကတ်ကိုလည်း များစွာအစုံ ပြုတော်မူ၏။
- သက်တော်စေ့ ပဥ္စင်းခံတော်မူ၏။
- ပြည်သူလူ၊ ရဟန်းတို့၏ အကျိုးစီးပွားအလို့ငှာ ချိန်၊ ကျပ်၊ မူး၊ ပဲ၊ တောင်း၊ တင်းတို့ကိုလည်း မှန်အောင် တကျ့တည်း[၁] ထားရလေ၏။

---

၁။ 'တညီတည်း' - ပုံနှိပ်ပြီးမှုများ။ တကျ့ = တကျမ့် = တညီတညွတ်။

mgyoe.com

 SAMPLE BOOK 

- ရန်အောင်မြို့သစ်တပ်တော်တွင် တဲတော်ကိုလည်း ကျောင်းရံ ၂၀ နှင့်တကွ ကျောင်း တင်တော်မူ၏။
- ဘုရားစေတီလည်း အောင်တပ်တော်တွင် 'မာရ်အောင်ဘုရား' ဟူ၍ တည်တော်မူ၏။

ထိုသို့ ကုသိုလ်ကောင်းမှု ပြုတော်မူပြီးမှ အရှေ့, အနောက်, တောင်, မြောက်ကိုလည်း မှူးခိုင်မတ်ခိုင်တို့ကို ဆင်လုံးမြင်းရင်းနှင့်တကွ ကင်းထားတော်မူ၏။

အင်းဝပြည်၏ တပ်အဝင်ဖြစ်သော ပုဂံ, ပုခန်း, ညောင်ရမ်း, ပင်းယ, စစ်ကိုင်း စသော ၁၇ မြို့သော မြို့ကြီးများကိုလည်း ကျွန်တော်ရင်း ဖြစ်သော မှူးခိုင်မတ်ခိုင်တို့ကို အဆောင်အယောင်နှင့်တကွ ပေးတော်မူ၏။

ကန္ဒီမြို့ဝယ် အစု ၃၀၀ လောက်ရှိသော ဆင်သည်များတို့ကိုလည်း ယူခဲ့၍ ကိုယ်ရံတော် ပြုစေ၏။

ရတနာပူရ အင်းဝကို မင်းပြုသော နရပတိစည်သူမင်းကြီးကိုလည်း သမီး, မှူးကြီးမတ်ကြီး အလုံးစုံနှင့်တကွ ယူတော်မူခဲ့မှ[၁] ဘဝရှင်မင်းတရားကြီးသည် ဟံသာဝတီရွှေမြို့တော်သို့ ရေကြောင်း, ကြည်းကြောင်း ပြန်တော်မူခဲ့၏။

ပုဂံပြည်ကြီးသို့ ရောက်တော်မူလျှင် ပုဂံရွှေစည်းခုံသို့ တက်တော်မူ၍၊ တဲတော်နှင့် ၂ ရက်။(သာ နေတော်မူခဲ့၏။)[၂]

ကွမ်းခွက်တော်ကို ရွှေမျက်ပါးခတ်စေ၍ ပုဂံ ရွှေစည်းခုံမြတ်စွာ ဘုရားကို ထီး,ချရားသီးမှသည် မြေတိုင် ရွှေအပြည့် ထည့်တော်မူ၏။ ဝတ္ထုကံမိုးမြေ တို့ကိုလည်း စိစစ်၍ လှူမြဲ လှူတော်မူ၏။

တဲတော်ကိုလည်း ကျောင်းရံ ၂၀နှင့်တကွ ကျောင်း တင်တော်မူ၏။

---

၁။ နောင်တွင် ရေးသောရာဇဝင်ကျမ်းများ၌ 'ဟံသာဝတီပါမင်း'ဟုရေးပြီး၊ အလောင်းမင်းတရားကြီးလက်ထက်တွင် 'ဟံသာဝတီပါမင်း'အစား 'ဟံသာဝတီရောက်မင်း'ဟု ခေါ်ဝေါ်စေသည်။-စိစစ်ခင်းကျင်းသူ

၂။ ကွင်းအတွင်းစာများ ပုံနှိပ်ပြီးမူများမှ ယူထည့်သည်။

mgyoe.com

မြစ်တစ်လျှောက်တွင်ရှိသော ဘုရား၊ စေတီ၊ ဆင်းတုတော်၊ ဂူ၊ ကျောင်း ပျက်စီးသရွေ့ကိုလည်း ပြင်စေ၍ ရွှေချည်း ထည့်တော်မူ၏။

ပုဂံဝယ်လည်း သက်တော်စေ့ ပဋ္ဌင်း ခံတော်မူ၏။

ပုဂံဝယ်ရှိသော ဘုရားကိုလည်း တံခွန်စေ့ နှံ့အောင် တင်တော်မူ ရ၏။

ထိုသို့မှ ဟံသာဝတီရွှေမြို့တော်တို့ ပြန်တော်မူခဲ့၍ ရွှေနန်းတော်သို့ ရောက်တော်မူ၏။

ထိုသို့မှ သက္ကရာဇ် ၉၁၈ ခု[၁]တွင် မိုးကောင်း၊ မိုးညှင်း၊ မိုးမိတ် စသော ရှမ်းပြည်ကြီးများသည် မိစ္ဆာဒိဋ္ဌိချည်း ဖြစ်သောကြောင့်၊ 'ရှမ်းတို့သည် ရတနာပူရအင်းဝ ဈေးလက်များကို ဖျက်ဆီးထိပါးလာသောအကြောင်း' ကို အင်းဝမင်းက သံတော်ဦးတင်လာသော်၊ ဘဝရှင်မင်းတရားကြီးသည် သားတော် အိမ်ရှေ့မင်းမှ စသော မှူးကြီးမတ်ကြီး ဒေါဗညားများ အပေါင်းနှင့်တကွ ပြည်ထဲအရေးကို တိုင်ပင်တော်မူသော်၊

တချို့လည်း 'သားတော်အိမ်ရှေ့မင်းနှင့် အင်းဝမင်းကို ချီစိမ့်မည့်အရေး' ကို လျှောက်ကြသည်။

တချို့လည်း 'ပြည်အား၊ တောင်ငူအားကိုချီစေသော် သင့်မည်အရေး' ကို လျှောက်ကြသည်။

ထိုအခါတွင် 'မင်းကြီးထပ်'[၂] ဟူသော မြင်စိုင်းစား လျှောက်သည်ကား

"ရှမ်းပြည်များတွင် မိုးကောင်း၊ မိုးမိတ်၊ မိုးညှင်း၊ ဗန်းမော်သည် အားအင်ဗလ ကြီးလှသည်။ ဆင်ကောင်း၊ မြင်းကောင်းလည်း များလှသည်။ လူသူ၊ စစ်လက်နက်လည်း ထူပြောလှသည်။ အင်းဝပြည်ကြီးနှင့်လည်း နီးလေသည်။ အင်းဝကို ရှမ်း ဈေးစား ထည့်ဖူးလေသည်။ အင်းဝကို ထိပါးလာမည် မချွတ်။ သို့ဖြစ်သောကြောင့် သူက မထိမီကို အကျွန်ုပ်တို့က အလျင် ချီတော်မူသော် သင့်မည် ထင်သည်။" ဟူ၍ နားတော်လျှောက်သော်၊ ဘဝရှင်မင်းတရားကြီးလည်း

---

၁။ ခရစ်နှစ် ၁၅၅၆

၂။ 'မင်းကြီးတက်' - ဒေါက်တာတိုးလှ တည်းမှူ။

mgyoe.com

''မြင်စိုင်းစား လျှောက်သောစကားသည် မှန်လှ၏။ ငါလည်း ကြိုက်တော်မူ၏။''ဟူ၍ မိန့်တော်မူပြီးမှ၊ ကြက်ရိုး၊ တံမျဉ်းလည်း ထိုးရသည်။ ဟူးရားတတ်တို့လည်း တွက်ချက်ရသည်။

* * *

- ကြက်ရိုးထိုးရာမှာလည်း မြတ်စွာဘုရားသည် မာရ်စစ်သည်တို့ကို အောင်တော်မူသော ကြက်ရိုးနှင့် ကြိုက်သည်။

- တံမျဉ်းချိုးရာမှာလည်း 'တို့က ရှင်၍ သူမှာ ထိလေသော' တံမျဉ်းနှင့် ကြိုက်သည်။

- ဟူးရား တွက်ရာမှာလည်း 'စကြဝတေးမင်းသည် တာဝတိံသာ တစ်ဝက်ကို ပိုင်ဖူးလေသောအခါ'နှင့် ကြိုက်သည်။

- တဘောင် နာရာမှာလည်း 'မိန်းမတစ်ယောက် ပုဝါထုပ် ပုဆိုးဖြူကို ယူပါလေ။'-ဟူ၍ဆိုသော တဘောင်ကို ကြားသည်။

- စနည်း နာရာမှာလည်း 'ယူဆန်းယူ၍ အိပ်ပါလော့။' ဟူ၍ သီတင်းသုံးဆိုသော စနည်းကို ကြားသည်။

- နိမိတ် နာရာမှာလည်း၊ 'ဝက်ကြီးတစ်ခုသည် ခွေးကိုလိုက်၍ ပြေးလေသော နိမိတ်'ကို မြင်သည်။

ဤသို့ 'နိမိတ်၊ တဘောင် ဟူသမျှသည် အောင်တော်ရေးသာ။' ဟူ၍ ဖတ်တော်မူစဉ်တွင်

'မွန်ဝန်ထမ်း၊ ရှမ်းကားလယ်ထွန်၊
မြန်မာကျွန်လျှင် မှန်၏တည်း။
ရှမ်းငယ်သူတောင်း၊ ထမင်းလောင်း၊
မြန်မာမင်းသား ထမင်းစားကာ'-ဟူ၍ သူငယ်တို့ကို ဆိုသောစကားကို အမတ်တစ်ယောက် လျှောက်လှာသော်၊

''သည်သိုက်သည် ငါ့သိုက် မှန်၏။''-ဟူ၍ ဖတ်တော်မူပြီးမှ၊ စစ်အင်္ဂါ ၄ ပါး ဆင်၍ ဆင်လုံးမြင်းရင်း ဖြဖြစီရင်တော်မူသည်ကား


mgyoe.com